မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၆ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၄၄)

ဂုဏ်သတင်းပို့နှုံလှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၄)

သက်တမ်းရှည်စွာ နေနိုင်ဖို့ ကျန်းမာရေးကို ဂရုစိုက်စို့

❖ ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်တစ်ခုကို စုပေါင်းဖန်တီးခြင်းအားဖြင့် မိမိတို့၏ သက်ရှည်ကျန်းမာရေးအတွက်သာမက နောင်လာနောက်သားများအတွက် အကောင်းဆုံးသော အမွေအနှစ်ဖြစ်သည့် မျှော်မှန်းသက်တမ်းတိုးမြှင့်ရေးအတွက်ပါ အထောက်အကူဖြစ်စေနိုင်မည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဘင်္ဂမ်စတက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်မှု (၂၉)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (ဘင်္ဂမ်စတက်) ၏ (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာ အခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်္ဂမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် ဘင်္ဂမ်စတက်အတွင်းရေးမှူးရုံးတို့ကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နုနုနိုအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ နှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၄ ကော်လံ ၁ ❖

အားကောင်းသောအယ်လ်နီညိုအခြေအနေ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၅

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အယ်လ်နီညို ဖြစ်ပေါ်နိုင်သော အခြေအနေများကို တွေ့ရှိရသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သုံးသပ်ပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ အားအနည်းငယ် ရှိသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညို ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း

စာမျက်နှာ ၃ ကော်လံ ၃ ◆

တာမွေမြို့နယ်ရှိ နားမကြားသော ကလေးများကျောင်း(ရန်ကုန်)၌ ပညာသင်ကြားပေး

ရန်ကုန် ဇွန် ၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ နားမကြားသောကလေးများကျောင်း (ရန်ကုန်)၌ ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လက်သင်္ကေတပြ ဘာသာစကားဖြင့် ပညာသင်ကြားပေးလျက်ရှိရာ တစ်နိုင်ငံလုံးရှိ အနယ်နယ်အရပ်ရပ်မှ အကြားအာရုံ ချို့ယွင်းအားနည်းသည့် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူလေးများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❂

သီလဝါသို့ ပြည်ပမှ စက်သုံးဆီများ ရောက်ရှိမှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှုနှင့် ဆီတင်ယာဉ်များအား စစ်ဆေးမှု စနစ်တကျရှိရေး ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၅

ရန်ကုန်မြို့ သီလဝါရှိ Terminal များသို့ စက်သုံးဆီတင်သင်္ဘောများ ရောက်ရှိဆိုချယူနေမှု အခြေအနေများ၊ တင်သွင်းခွင့်ပြုသည့် ဆီပမာဏတန်ချိန်နှင့် ဆီတင်သင်္ဘောတွင် တင်ဆောင်ရောက်ရှိလာသည့် ဆီပမာဏတန်ချိန်များ ကိုက်ညီမှု ရှိ/မရှိ ၊ တင်သွင်းလာသည့် ဆီအရည်အသွေးကိုက်ညီမှု

စာမျက်နှာ ၃ ကော်လံ ၃ ✻

ယနေ့ ဖတ် စ ရာ

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု ဆောင်းပါး စာ ၆

ဒီဂျစ်တယ်ငွေကြေးစနစ်ဖြင့် တောင်သူလယ်သမားများ လှုပ်ရှားဘဝ မြှင့်တင်ပေးမည် ဆောင်းပါး စာ ၁၀

စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များ မတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်တိုင်ကြား

ကမ္ဘာတစ်ဝန်းလုံးတွင် လမ်းပေါ် မတော်တဆမှု (Road Accident) များကြောင့် နှစ်စဉ်ပျမ်းမျှ လူ ၁ သန်းခန့် အသက်ဆုံးရှုံးနေရပြီး လူသန်းပေါင်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးရမှုများတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများက အများဆုံးဖြစ်ရာ အာဖရိကနှင့် အရှေ့တောင်အာရှ ဒေသတို့က ထိပ်ဆုံးတွင်ရှိသည်။

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) သည် ကမ္ဘာလုံးဆိုင်ရာ ကြီးမားလှသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ကြီးထွားလာနေခြင်းကို ဟန့်တားထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်ဝန်း၌ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒုတိယဆယ်စုနှစ်အတွင်း ရောက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် (၁) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကြီးကြပ်မှု၊ (၂) ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု၊ (၃) ပိုမိုအန္တရာယ်ကင်းသောယာဉ်များ၊ (၄) ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများနှင့် (၅) ယာဉ်တိုက်မှု ဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှုဟူသော မဏ္ဍိုင်ကြီး (၅)ရပ်ကို အခြေပြုကာ Decade of Action for Road Safety ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (National Road Safety Council –NRSC) သည် National Road Safety Action Plan (2021 – 2030) နှင့်အညီ မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်လျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်သည့် ယာဉ်များအား အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး (ရန်ကုန်)ရှိ Online Complain Centre (OCC) Viber ဖုန်းနံပါတ် (၀၉- ၇၇၇၄၃၆၂၂) သို့ နေ့ရက်၊ အချိန်၊ နေရာ၊ နံပါတ်၊ ပြစ်မှုထင်ရှားသည့် မှတ်တမ်းဓာတ်ပုံ/ဗီဒီယိုများနှင့်အတူ ပေးပို့တိုင်တန်းပါက အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီက အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။ ရန်ကုန်တိုင်း ဒေသကြီးသည် မှတ်ပုံတင်မော်တော်ယာဉ် စီးရေ၅ သိန်းကျော်ရှိပြီး တစ်နိုင်ငံလုံးရှိ ယာဉ်စီးရေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် စုဝေးနေသည့် ဒေသကြီးဖြစ်သည်။ ထို့ပြင် YBS ယာဉ်လိုင်းပေါင်း ၁၄၅ လိုင်းခန့်တွင် ယာဉ်စီးရေ ၃၅၀၀ ခန့်ကလည်း နေ့စဉ်ပြေးဆွဲလျက်ရှိရာ လူဦးရေထူထပ်ခြင်းနှင့် မော်တော်ယာဉ်များပြားခြင်းတို့ကြောင့် ယာဉ်မတော်တဆမှု၊ ယာဉ်တိုက်မှုလည်း များပြားသည်။

တရားဝင်ထုတ်ပြန်ချက်များအရ ယမန်နှစ် (၂၀၂၅ ခုနှစ်) အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်မှု စုစုပေါင်း ၈၀၁ မှု ဖြစ်ပွားခဲ့ပြီး ယင်းမတော်တဆမှုများကြောင့် လူ ၃၈၇ ဦး သေဆုံးကာ ၈၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ထိုနှစ်က နိုင်ငံတစ်ဝန်းလုံးတွင် ယာဉ်မတော်တဆမှု ၃၃၄၈ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၇၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၄၆၇၆ ဦးရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးသည် ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှု အများဆုံးဒေသအဖြစ် မှတ်တမ်း၀င်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယာဉ်မတော်တဆမှုနှင့် သေဆုံးမှု၊ ဒဏ်ရာရမှုတို့ သိသိသာသာလျော့နည်းခဲ့သည်ဟု သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ် ယာဉ်တိုက်မှုအခြေခံဖော်ဒေး၊ ဧန်နဝါရီလမှ ဧပြီလအထိ ကာလတူနှိုင်းယှဉ်ချက်တွင် ၂၀၂၅ ခုနှစ်က ယာဉ်တိုက်မှု ၂၆၄ မှု၊ ဒဏ်ရာရသူ ၂၈၀၊ သေဆုံးသူ ၁၂၅ ဦး ရှိခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ယာဉ်တိုက်မှု ၂၅၅ မှု၊ ဒဏ်ရာရသူ ၃၀၃၊ သေဆုံးသူ ၁၂၅ ဦး ရှိသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ယခုနှစ်တွင် ယာဉ်တိုက်မှုကိုးမှုလျော့နည်းသွားသော်လည်း ဒဏ်ရာရသူ ၈၃ ဦးပိုလာပြီး သေဆုံးသူဦးရေမှာ အတူတူဖြစ်နေသည်။

ယာဉ်တိုက်မှု ဖြစ်စဉ်များကို ဆန်းစစ်လေ့လာပါက ၉၄ ရာခိုင်နှုန်းခန့်မှာ လူ့အားနည်းချက်၊ လူ့ပယောဂကြောင့် ဖြစ်သည်ဟု ကျွမ်းကျင်သူများကဆိုသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများ၊ မဆင်မခြင်မောင်းနှင်မှုများက လူ့အသက်နှင့် ထိခိုက်ဒဏ်ရာရမှု အန္တရာယ်များကို ဖြစ်ပေါ်စေသည့်တိုင်အောင် မကြာခဏဆိုသလိုပင် မိမိတို့ မျက်စိရှေ့မှောက်တွင် ထိုသို့အန္တရာယ်ဖြစ်ပေါ်စေသည့် အပြုအမူများ ကျူးလွန်ကြသည်တို့ကို တွေ့မြင်ကြရသည်။ စည်းကမ်းလိုက်နာ၊ ဘေးကင်းကွာဟူသည့် ဆောင်ပုဒ်နှင့်အညီ လမ်းအသုံးပြုသူတိုင်းက စည်းကမ်းကိုယ်စီ လိုက်နာကြခြင်းအားဖြင့် အသက်ခန္ဓာ ကိုယ်လက်အင်္ဂါတို့ ဆုံးရှုံးနိုင်သည့်အန္တရာယ်နှင့် ကင်းဝေးကြမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူအားလုံး စည်းကမ်းကိုယ်စီ လိုက်နာကြရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်ကျူးလွန်ကြသူများကို အရေးယူနိုင်ရန် ပိုင်းဝန်းကူညီပေးနိုင်ကြရေးအတွက် မိန့်ဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးဇော်လင်း	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
(ခ) ဒေါက်တာ ခင်သီတာ	နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ပညာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၅-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၉ ~ ၃၆၆၉	၅၅၈.၆~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁၁,၆၉၀,၈၇၈.၀၈	၂၂,၆၆၉,၈၀၅.၂၇	၁၇,၀၉၂,၁၁၁.၇၀	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍ၀င်ရောက်ငွေမှ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

၅ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၆ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၃၄၅	၄၅၁၅	၄၄၆၀	၄၃၆၀	၄၅၂၀	၄၅၃၀	၄၅၇၅	၄၄၃၅	၄၅၇၅	၄၈၇၀	၄၄၆၀	၄၅၅၀	၄၅၄၅	၄၅၁၀	၄၅၁၅	၄၇၃၅
95 Ron	၄၃၈၅	၄၅၆၀	၄၅၀၅	၄၄၀၅	၄၄၆၀	၄၅၇၅	၄၆၀၅	၄၅၀၀	၄၆၁၅	၄၉၃၅	၄၅၀၀	၄၆၅၅	၄၅၀၀	၄၆၀၀	၄၅၅၅	၄၇၀၀
HSD (500 ppm)	၄၂၂၀	၄၃၀၀	၄၃၃၀	၄၂၃၅	၄၃၀၅	၄၃၆၅	၄၃၈၅	၄၃၀၅	-	၄၇၂၀	၄၃၂၅	၄၇၂၀	၄၄၂၀	၄၃၀၅	၄၃၀၅	၄၅၆၅
HSD (50 ppm)	၅၁၀၅	၅၂၆၀	၅၂၃၅	၅၁၃၀	၅၂၆၀	၅၃၀၅	၅၃၄၅	၅၂၀၀	၅၃၄၅	၅၆၄၅	၅၂၃၀	၅၃၀၅	၅၃၂၅	၅၂၀၀	၅၂၆၀	၅၅၁၀
HSD (10 ppm)	၅၁၀၅	၅၂၆၀	၅၂၃၅	၅၁၃၀	၅၂၆၀	၅၃၀၅	၅၃၄၅	၅၂၀၀		၅၆၄၅	၅၂၃၀	၅၃၀၅	၅၃၂၅	၅၂၀၀	၅၂၆၀	၅၅၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၁၁၉	၄၂၃၅
95 Ron	၄၁၆၀	၄၂၇၇
HSD (500 ppm)	၄၀၁၀	၄၁၂၀
HSD (50 ppm)	၄၈၆၇	၄၉၉၄
HSD (10 ppm)	၄၈၆၇	၄၉၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်နွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်မိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၅၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဒိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၁၄၊ စီမံ ၀၁-၅၄၃၃၁၅၊ ငွေစာရင်း ၀၁-၅၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၃၃၁၇၊ Fax ၀၁-၈၆၀၄၅၅၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြုထုတ်လုပ်ထားသည့် ပဲမျိုးများ၊ နေကြာမျိုးများနှင့် သီးနှံမျိုးများအား မျိုးစေ့များအလိုက် သုတေသနပြု ထုတ်လုပ်လျက်ရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ စွေးကွက်ဝင် အရည်အသွေးရှိသည့် ပဲတီစိမ်း၊ မတပဲ၊ ပဲစင်ငုံ၊ ကုလားပဲ၊ ပဲလွန်း၊ ပဲပုပ်တို့အပါအဝင် ပဲအမျိုးမျိုးကို တင်ပို့ရောင်းချရလျက်ရှိကြောင်း၊ စွေးကွက်ရရှိမှု ပိုမိုနိုင်မြဲစေရေးအတွက် ပဲများ၏ အရည်အသွေး ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်လာအောင် စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲမျိုးစုံသီးနှံများသည် ပြည်တွင်းစားသုံးခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းတို့ဖြင့် ဝင်ငွေရရှိပြီး စီးပွားရေးအရ အရေးပါသည့် သီးနှံများဖြစ်သည့်အတွက် ဒေသနှင့် သင့်တော်ကိုက်ညီသည့် အထွက်ကောင်းမျိုး၊ ရောဂါဒဏ်ခံနိုင်သောမျိုး၊ စွေးကွက်ရရှိသည့်မျိုးများကို စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန်လို ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပဲမျိုးစုံသီးနှံသုတေသနဌာနစုမှ သုတေသနပြု ထုတ်လုပ်ထားသည့် သီးနှံမျိုးစေ့များအား ကြည့်ရှုစစ်ဆေးစဉ်။

လက်ရှိ ပြည်ပစွေးကွက်သို့ တင်ပို့လျက်ရှိသော ပဲမျိုးစုံတို့အနေဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်မှုရှိသော်လည်း အခြားနိုင်ငံများမှ ပဲများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက လိုအပ်ချက်ရှိနေသည်ဟု သိရှိရကြောင်း၊ ပဲမျိုးများအား သုတေသနပြု ထုတ်လုပ်ရာတွင် အရွယ်အစား၊ အရောင်အဆင်း၊ အရသာ စသည့် သုံးမျိုးစလုံး ကောင်းမွန်နေရန်လို ကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝ တူညီမှုရှိမည်မဟုတ်သဖြင့် အရွယ်အစား၊ အရောင်အဆင်း၊ အရသာများလည်း ကွဲပြားခြားနားမှုရှိနိုင်မည် ဖြစ်သောကြောင့် ဒေသအလိုက် ကိုက်ညီသည့် သီးနှံမျိုးစေ့များကို စနစ်တကျဖြင့် သုတေသနပြု ထုတ်လုပ်သွားရန် လိုကြောင်း၊ နေကြာမျိုးစေ့များနှင့် နှမ်းမျိုးစေ့များကိုလည်း ဆက်လက်တိုးချဲ့ ထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ စိုက်ဧက တိုးချဲ့မည်ဆိုပါက ဖြစ်ပေါ်လာနိုင်မည့် မျိုးစေ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများကို ပြည်တွင်းခိုင်သာ စဉ်ဆက်မပြတ် သုတေသနပြု ထုတ်လုပ်သွားကြရန်လိုကြောင်း၊ သီးနှံစိုက်ဧက အများအပြားရှိသော်လည်း အထွက်နှုန်း လျော့နည်းလျက်ရှိသည့်ဒေသများသို့ သုတေသနအဖွဲ့များ စေလွှတ်၍ အချိန်ယူ သုတေသနပြု အဖြေရှာ ဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အမြတ်နည်းနည်းနှင့် အရေအတွက်များများ ရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ထို့နောက် ထားဝယ်ရေနက်ဆိပ်ကမ်း ဓာတ်အားပေးစက်ရုံဆိုင်ရာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Inter RAO ကုမ္ပဏီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ လောင်းလုံးစီးပွားဖွံ့ဖြိုးကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ဒုတိယသမ္မတနှင့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်စ် ရင်းနှီးမြှုပ်နှံမှု ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments) တို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ(MoC) များကို တာဝန်ရှိသူများက လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ဗန်ကောက်ကြေညာစာတမ်းမှတစ်ဆင့် ပေါ်ပေါက်လာသည့် ဘင်မိစတက်အဖွဲ့ကြီးသည် တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် မိတ်ဖက်စိတ်ဓာတ်ဟူသော အခြေခံမူများကို လိုက်နာလျက် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန် အတွက် အရေးပါသော ပလက်ဖောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

နှစ်ဆယ့်ကိုးနှစ်တာကာလအတွင်း ဘင်္ဂလားဒေသအဖွဲ့သည် ၎င်း၏ အဖွဲ့အစည်းဆိုင်ရာ မူဘောင်များကို ခိုင်မာစေရန်နှင့် ဦးစားပေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရန် အတွက် မြဗြစ္စာဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဤသို့ စုပေါင်းအားထုတ်မှုများသည် အဖွဲ့အစည်း၏ ထိရောက်မှုကို မြှင့်တင်ပေးရုံသာမက ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအတွက် အနှစ်သာရရှိသော ၎င်း၏အခန်းကဏ္ဍကိုလည်း ပိုမိုခိုင်မာစေခဲ့ပါသည်။

လာမည့်နှစ်တွင် ဘင်္ဂလားဒေသအဖွဲ့တည်ထောင်မှု နှစ် (၃၀) ပြည့်မြောက်မည်ဖြစ်ရာ မိမိတို့အနေဖြင့် ရရှိခဲ့သည့်အောင်မြင်မှုများကို ပြန်လည်သုံးသပ်၍ ပိုမိုမြင့်မားသော ရည်မှန်းချက်ရှေ့လုပ်နိုင်းစဉ်များကို ချမှတ်သွားရမည်ဖြစ်ပါသည်။ ဘင်္ဂလားဒေသအဖွဲ့ကို မိမိတို့၏ ပြည်သူများအတွက် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်သည့် ပိုမိုထိရောက်သော၊ ရလဒ်ကို အခြေခံသော၊ တုံ့ပြန်မှုအားကောင်းသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ အတူတကွလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ဘင်္ဂလားဒေသအထိမ်းအမှတ်နေ့သည် မိမိတို့ဒေသအတွင်းရှိ ကြီးမားသော အလားအလာများနှင့် ထိုအလားအလာများကို အသုံးချရာတွင် ညီညွတ်မှု၏ အရေးပါပုံကို သတိပြုမိစေရန် နှိုးဆော်ပေးသည့် အချိန်အခါသမယပင် ဖြစ်ပါသည်။ မိမိတို့အားလုံး စုပေါင်း၍ လက်ရှိမျိုးဆက်နှင့် နောင်မျိုးဆက်သစ်များအတွက် ပိုမိုကြံ့ကြံ့ခံနိုင်ပြီး တက်ကြွကာ ပြည်သူကိုဗဟိုပြုသော ဘင်္ဂလားဒေသတက် အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

✻ *ရှေ့ဖုံးမှ*

ရှိ/မရှိ စစ်ဆေးနိုင်ရေး ဆိနမူနာရယူနေမှုများ၊ Terminal များတွင် စက်သုံးဆီသိုလှောင်ထားရှိမှု အခြေအနေများနှင့် စက်သုံးဆီတင်ယာဉ်များဖြင့် ထုတ်ယူဖြန့်ဖြူးနေမှု အခြေအနေများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်သည် ယမန်နေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါမှ စက်သုံးဆီများ တင်ဆောင်ထွက်ခွာလာသည့် ဆီတင်ယာဉ်များအား သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းစစ်ဆေးခြင်း ဆောင်ရွက်လျက်ရှိသည့် ထွင့်ခေါင်စစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး ဆီတင်ယာဉ်များအား စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အတွင်း စက်သုံးဆီတင်သွင်းသိုလှောင်ထားမှုအနေဖြင့် ဓာတ်ဆီအုပ်စုတွင် ရက် ၄၀၊ ဒီဇယ်အုပ်စုတွင် ၅၄ ရက်အတွက် သိုလှောင်ထားရှိပြီး သီလဝါတွင် ဆီချရန် ရောက်ရှိနေသည့် ဆီတင်သင်္ဘော သုံးစင်း၊ လမ်းခရီးတွင်ရောက်ရှိနေသည့် ဆီတင်သင်္ဘောတစ်စင်း၊ တစ်ဖက်နိုင်ငံဆိပ်ကမ်းတွင် ဆီတင်နေသည့် သင်္ဘောတစ်စင်းနှင့် ဆီတင်ရန် စောင့်ဆိုင်းနေသည့် ဆီတင်သင်္ဘောငါးစင်း၊ စုစုပေါင်း ဆီတင်သင်္ဘော ၁၀ စင်းရှိပြီး အစီအမံအတိုင်း စက်သုံးဆီတင်သင်္ဘောများ ပုံမှန် ဝင်ရောက်လျက်ရှိသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများကို လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် အစဉ်တစိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

မိုး/ဧလ

✪ *ရှေ့ဖုံးမှ*

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား ၄၄ ဦးနှင့် ကျောင်းသူ ၃၄ ဦး စုစုပေါင်း ၇၈ ဦးကို ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းများကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက် ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူများ နေရာထိုင်ခင်း အဆင်ပြေစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်လင်းအောင်
(ပြန်/ဆက်)

ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ ဒဂို့ဏာသိရိမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ (၂) ရုံ ဓာတ်အား ယာယီပြတ်တောက်မည်

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ၃၃ ကေဗွီ ပျဉ်းမနား ဓာတ်အားလိုင်းပေါ်မှ ဓာတ်အားရယူထားသော ၃၃ ကေဗွီ တောင်သာ ဓာတ်အားခွဲရုံကို ၃၃ ကေဗွီ ဖွံ့ဖြိုးရေး - ၂ ဓာတ်အားလိုင်းပေါ်သို့ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၇ ရက်တွင် ၃၃ ကေဗွီ ပျဉ်းမနားဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ဖွံ့ဖြိုးရေး-၂ ဓာတ်အားလိုင်းတို့ကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အား ပိတ်၍ ပြောင်းလဲချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည့်အတွက် ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၊ ဒဂို့ဏာသိရိမြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ ဟိုတယ်ဇုန်၊ NGO အဖွဲ့အစည်းများနှင့် စည်ပင်ရေသန့်စက်ရုံ (၂) ရုံတို့ ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြား ထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင် ဆိုင်ရာ တက္ကသိုလ်ဝန့် အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့သည် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဖြစ်သည်နှင့် အညီ ယခုနှစ် ၂၀၂၆ ခုနှစ်အတွက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ ကိုယ်စား အိမ်ရင်နိုင်ငံအဖြစ် အဇာဘိုင်ဂျန်နိုင်ငံက တာဝန်ယူ ပြီး မြို့တော်ဘာကူမြို့၌ အခမ်း အနား ကျင်းပဆောင်ရွက်လျက်ရှိ ကြောင်း၊ အလားတူ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အသီးသီးတွင်လည်း ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး နေ့ အထိမ်းအမှတ် အခမ်းအနား များကို ကျင်းပလျက်ရှိကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် လည်း ကမ္ဘာ့နိုင်ငံများနည်းတူ နေပြည်တော်ဝန့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အထိမ်းအမှတ် အခမ်းအနားများကို တစ်ပြိုင် တည်း ကျင်းပလျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင် တစ်ကမ္ဘာ လုံးက သတိထားပြီး အလေးထား ကြိုးပမ်း အားထုတ်ကြရန် တိုက်တွန်းထားသည့် ဆောင်ပုဒ်ဖြင့် **"ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ဖို့ (A Global Call for Climate Action)"** ဖြစ်ကြောင်း၊ ရည်ရွယ်ချက်အနေဖြင့် ရာသီဥတု ပြောင်းလဲမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများနှင့် သဘာဝဘေး အန္တရာယ်များကို မိမိတို့ လူသား များက ပြန်လည်တုံ့ပြန်နိုင်ရန် အထူးသဖြင့် ရာသီဥတုပြောင်းလဲ မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ် များကို အလျင်အမြန် ကိုင်တွယ် ဖြေရှင်း ဆောင်ရွက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် လိုအပ်နေပြီဖြစ်သည့်အကြောင်း သတိပေးတိုက်တွန်း လှုံ့ဆော်ပေး နေခြင်းဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင် စက်မှုစတင် ထွန်းကားလာသည့်ကာလမတိုင်မီ နှစ်များစွာက သဘာဝပတ်ဝန်း ကျင်နှင့် လူသားတို့အကြား ဆက်နွယ်မှုသည် ဟန်ချက်ညီညီ မျှမျှတတရှိခဲ့ကြောင်း၊ သို့သော် လည်း စက်မှုလုပ်ငန်းများ တိုးတက်လာပြီးရုပ်ကြွင်းလောင်စာ အခြေခံ စွမ်းအင်အသုံးပြုမှု တိုးမြင့်လာခြင်းကြောင့် ကာဗွန်ဒိုင် အောက်ဆိုဒ်နှင့် မီသိန်းတို့ကဲ့သို့ လေထုအပူချိန် ပိုမိုမြင့်မားစေနိုင် သည့် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှု ပိုမိုမြင့်မားလာ ကြောင်း၊ ထို့ကြောင့်လည်း စက်မှုစတင်ထွန်းကားလာသည့် ကာလကရှိခဲ့သည့် ပျမ်းမျှအပူချိန် ကို ကျော်လွန်လာနေပြီဆိုသည်ကို ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင် ရွက်ရေးအဖွဲ့ (IPCC)နှင့် ကမ္ဘာ့ မိုးလေဝသအဖွဲ့ (WMO) တို့၏ လေ့လာမှုများအရ သိရှိရကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာမြေ၏ စံချိန်တင် အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၂၅ ခုနှစ်၏ အပူချိန်သည် ၁၈၅၀ ပြည့်နှစ်မှ ၁.၅၀ ပြည့်နှစ် အတွင်းရှိ ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၂ ဒီဂရီဆဲလ်စီးယပ် ခန့် ပိုမိုပူပြင်းခဲ့ကြောင်း၊ ယင်း အချက်အလက်များသည် ကမ္ဘာ့ အပူချိန် နှစ်စဉ်မြင့်တက်နေသည့် အကြောင်း ဖော်ညွှန်းနေပြီး ယင်း အခြေအနေကို မထိန်းချုပ်နိုင်ပါက ယခုရာစုနှစ်အကုန်တွင် ကမ္ဘာ့အပူ ချိန်သည် စက်မှုစတင်ထွန်းကား လာသည့် ကာလမတိုင်မီ အပူချိန် ထက် ၂ ဒသမ ၁ မှ ၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်ခန့် ပိုမိုပူပြင်း လာနိုင်ကြောင်းကို ခန့်မှန်းထား ကြကြောင်း၊ အပူရှိန်မြင့်တက် လာမှုနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များသည် လည်း ပိုမိုဆိုးရွား ပြင်းထန်လာ မည်ဖြစ်ကြောင်း။

သဘာဝဘေးကြုံတွေ့

မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ နိုင်ငံများသည် သဘာဝဘေး အန္တရာယ်များကို နှစ်စဉ်ရင်ဆိုင် ကြုံတွေ့နေရပြီး သိသာထင်ရှား သည့် စီးပွားရေးနှင့် လူမှုရေးဆိုင် ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေ ကြောင်း၊ နိုင်ငံတကာ ရာသီဥတု စောင့်ကြည့်လေ့လာမှု အဖွဲ့အစျိုး၏ ၂၀၂၆ ခုနှစ် ရာသီဥတုဘေး ဖြစ်နိုင်ခြေ ညွှန်ကိန်းအရ မြန်မာ နိုင်ငံသည် ရာသီဥတုပြောင်းလဲမှု ကြောင့် ထိခိုက်မှုအများဆုံး ခံစား နေရသည့် ကမ္ဘာ့ (၁၀) နိုင်ငံထဲတွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရ ကြောင်း၊ နံပါတ်(၁) အပူချိန်၊ နံပါတ်(၂) လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ် ခံစားရနိုင်ခြေများ လိမ့်မည်ဖြစ်ကြောင်း၊ **မြန်မာနိုင်ငံ အလယ်ပိုင်း မြေလတ်ဒေသသည် ကမ္ဘာ့အပူချိန် အဖြင့်မားဆုံး စာရင်းဝင်နေသည့် ဒေသဖြစ်** ကြောင်း၊ ၂၀၂၅ ခုနှစ်က ချောက်မြို့ သည် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီး ယပ်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယပ် ရှိကြောင်း၊ အလားတူ မြေလတ်ဒေသမြို့ကြီး ၁၂ မြို့သည် ၄၁ ဒီဂရီဆဲလ်စီး ယပ်နှင့်အထက် ရှိကြောင်း၊ **ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟု ဆိုနိုင်ကြသော်လည်း ယင်းဒေသ တွင် သစ်တောသစ်ပင် ကျဲပါးမှုရှိ နေသည်မှာ အမှန်ပင်ဖြစ်**ကြောင်း၊ **လေ့လာချက်များအရ ၂၀၁၆ ခုနှစ် မှ ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ သစ်ပင်မျိုးစုံ ၂၆၉ သန်း ၈ သိန်း ကျော် စိုက်ခဲ့သည်ကို တွေ့ရှိရ** ကြောင်း၊ အကြမ်းဖျင်းအားဖြင့် ၈၀ ၁ သန်းခန့်နှင့်ညီမျှကြောင်း၊ **လူတို့၏ လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ် အသုံးချမှုရှိသော်လည်း စိုက်ပျိုး သည့် သစ်ပင်များ တစ်ပင်စိုက် တစ်ပင်ရှင်စိုက်ခဲ့ပါက သစ်တော သစ်ပင်ဆုံးရှုံးမှုကို အပြည့်အဝ ကာကွယ်ပေးနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးကို နိုင်ငံတော်အနေ ဖြင့်ကဏ္ဍအသီးသီးတွင် စနစ်တကျ အစီအမံနှင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်ကြရန် အထူး ပင် လိုအပ်နေပြီဖြစ်သည်ကို သတိပေးမှာကြားလိုကြောင်း။

ရာသီဥတု ပြောင်းလဲမှုကို ဖြစ်စေသည့် အဓိကအကြောင်း ရင်းမှာ စွမ်းအင်နှင့် စက်မှုလုပ်ငန်း များ ထွန်းကားလာခြင်း၊ ရုပ်ကြွင်း လောင်စာ အသုံးပြုမှုများလာခြင်း၊ သစ်တောများ ပြုန်းတီးခြင်းနှင့် မြေအသုံးချမှု ပြောင်းလဲခြင်း၊ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လာခြင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ တိုးတက် လာခြင်းနှင့် စွန့်ပစ်ပစ္စည်းများ များပြားစွာ စုပုံလာခြင်း စသည် တို့၏အကျိုးဆက်အနေဖြင့်လေထု ထဲသို့ မှန်လုံအိမ်ဓာတ်ငွေ့ ပမာဏ အမြောက်အမြား ပိုမိုထုတ်လွှတ် လာခြင်းကြောင့်ဖြစ်ကြောင်း။

စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြု

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ် မှုများကို လျော့ချနိုင်ရန် ပြန်လည် ပြည်ဖြိုးမြဲ စွမ်းအင်အသုံးပြုနိုင် ရန်နှင့် စွမ်းအင်ကို အကျိုးရှိ ထိရောက်စွာ အသုံးပြုရန်လိုသကဲ့ သို့ သစ်တောပြန်လည်စိုက်ပျိုး ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရာသီဥတု နှင့် သဟဇာတဖြစ်သည့် စိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လိုအပ်ကြောင်း၊ ထို့အပြင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နှင့်ကမ္ဘာကြီးပူနွေးမှု အလားအလာ မြင့်မားသည့် အနေးပေးဒြပ် ပစ္စည်းအသုံးပြုမှု လျော့ချခြင်းနှင့် ပိတ်ပင်တားမြစ်ခြင်းတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရ မည်ဖြစ်ကြောင်း။

ရာသီဥတု ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေ ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး နိုင်ငံတကာ နှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်း ဆောင်ရွက်မှုဖြင့်သာ ရင်ဆိုင် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယင်း အတွက် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)နှင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ စာချုပ်များဖြစ် သည့် ကျိုတိုနောက်ဆက်တွဲ စာချုပ်နှင့် ပါရီသဘောတူညီချက် တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက် ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၅ ခုနှစ် နိုဝင်ဘာလက ဘရာဇီးလ်နိုင်ငံ ဘဲလမ်မြို့၌ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ အကြိမ်(၃၀) မြောက် ရာသီဥတုဆိုင်ရာ ထိပ်သီး အစည်းအဝေးကို ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးကို သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက် ခဲ့ပြီး နိုင်ငံခြေးဆောင်များ၏

စာမျက်နှာ ၅ သို့

❖ လူတို့၏လိုအပ်ချက်အရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုရှိသော်လည်း စိုက်ပျိုးသည့် သစ်ပင်များ တစ်ပင်စိုက် တစ်ပင်ရှင် စိုက်ခဲ့ပါက သစ်တောသစ်ပင် ဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်

❖ ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျ အစီအမံနှင့် အထူးအလေးထားပေါင်းစပ်ဆောင်ရွက်ကြရန် အထူးပင် လိုအပ်နေပြီဖြစ်

❖ မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျော့ချနိုင်ရန် ပြန်လည်ပြည်ဖြိုးမြဲ စွမ်းအင် အသုံးပြုနိုင်ရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာအသုံးပြုရန် လိုသကဲ့သို့ သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရာသီဥတုနှင့် သဟဇာတ ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် လိုအပ်

ပေးအပ်ချီးမြှင့်

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသား အဆင့် သန့်ရှင်းရှိ စိမ်းလန်း စိုပြည်သော ကျောင်းဆု ရရှိသည့် ကျောင်း တစ်ကျောင်းအား ဆု ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ မှ

မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအမှာစကားပြောကြား ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ယင်းသည် မြန်မာနိုင်ငံအနေဖြင့် မျိုးဆက်သစ်များအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သည့် ရာသီဥတုဒဏ်ခံနိုင်သည့် အနာဂတ်တစ်ခုကိုရရှိအောင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ညွှန်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မှန်လုံအိမ်ခေတ်ဥွေ့လျော့ချ

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပါရီသဘောတူညီချက်ပါ ကတိကဝတ်အရ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အတွင်းရေးမှူးရုံးကို တင်သွင်းထားသည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတိုင်း မှန်လုံအိမ်ခေတ်ဥွေ့လျော့ချရေး ရည်မှန်းချက်များ ပြည့်မီရေး အတတ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းလုပ်ငန်း အစီအစဉ်ပါ ဦးစားပေးနယ်ပယ်များ ဖြစ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်လာစေရေး၊ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးစနစ်များ ဖော်ထုတ်ရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်သည့် မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ထင်းအစားထိုး စွမ်းအားမြင့် မီးဖိုဖြန့်ဝေရေး၊ နေ့စွမ်းအင်ကို အခြေခံသည့် ကျေးလက်မီးလင်းရေး၊ ကာဗွန်ထုတ်လွှတ်မှုမရှိသည့် လျှပ်စစ်သုံးယာဉ် တိုးမြှင့်ထုတ်လုပ်အသုံးပြုရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကမ္ဘာအသီးသီးတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းပြီး ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းစဉ်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား လိုကြောင်း။

နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြွေး"** ဟူသည့် ဦးတည်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းသည် အလွန်အရေးကြီးကြောင်းကို ပြောလိုကြောင်း၊ ထို့ကြောင့် သစ်တောပြန်းတီးမှု လျော့ကျစေရေးနှင့် သစ်တောဖုံးလွှမ်းမှုကို နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်း ပြည့်မီစေရေးအတွက် ကြိုးပိုင်း၊ ကြိုးပြင် ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၂၆ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် သဘာဝနယ်မြေ ၆၂ ခု၊ နိုင်ငံဧရိယာ၏ ၆ ဒသမ ၅၉ ရာခိုင်နှုန်းထိ တိုးမြှင့်တည်ထောင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

ဖွဲ့စည်းတည်ထောင်ပြီးဖြစ်သည့် သစ်တောနယ်မြေ၊ သစ်တောနယ်မြေ ပြင်ပနေရာများနှင့် ကုန်းတွင်းဒေသများတွင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ကာကွယ်နိုင်ရေး၊ ကြေးရေလျှံမှု၊ မြေတိုက်စားမှုများမှ ကာကွယ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အတွက် သစ်တောများ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံပိုင်စိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေ ရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း စသည့် စိုက်ခင်းဧကပေါင်း ၁၆၀၀၀၀ ကျော်၊ အပင်ပေါင်း ၁၂၂ သန်းကျော်ကို စိုက်ပျိုးခဲ့ပါကြောင်း။ ယခုနှစ် ၂၀၂၆ ခုနှစ်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် နိုင်ငံပိုင်သစ်တော စိုက်ခင်းများ အပါအဝင် ဧကပေါင်း ၃၀၀၀၀ ၌ အပင်ပေါင်း ၂၀ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

အထူး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ (၁၃) ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲ/ယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက် ဧရိယာများတွင် ဆက်စပ်ဌာနများနှင့် အထူပိုင်းဝန်း ပူးပေါင်းစိုက်ပျိုးနေကြောင်း၊ အလားတူ ကမ်းရိုးတန်းဒေသများတွင် ၂၀၂၅ ခုနှစ်က ဒီရေတောစိုက်ခင်း ၁၇၁၅ ဧက၊ အပင်ပေါင်း ၂ သန်းကျော်ကို စိုက်ပျိုးခဲ့ပြီး ၂၀၃၀ ပြည့်နှစ်အထိ ရေရှည်စီမံချက်များ ရေးဆွဲကာ နှစ်စဉ် ဒီရေတောစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ကြောင်း။

ယခုနှစ် ၂၀၂၆ ခုနှစ် မိုးရာသီ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲနှင့် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲများကို တစ်ရက်တည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပင်ပေါင်း ၅၄၁၈၀ ကို စိုက်ပျိုးရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ယင်းနေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်ရန် တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်ရန် ဆက်လက် လုပ်ဆောင်ရမည့် ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

မှန်လုံအိမ် ခေတ်ဥွေ့ ထုတ်လွှတ်မှု အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရာတွင် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းစေမည့် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင် သတိပေးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်သည့် အလေ့အကျင့်ကောင်းများကို တစ်ဦးတစ်ယောက်ကစပြီး ဌာန၊ အဖွဲ့အစည်းအားလုံး ပါဝင်ဆောင်ရွက်ကြရန်လည်းလိုကြောင်း၊ သို့မှသာ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် လူမှုအသိုင်းအဝိုင်းကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကာ **ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့** ဟု တိုက်တွန်းပြောကြားသည်။

ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတက အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော မြို့ကြီးများ ဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော ကျေးရွာဆုရရှိသည့် ရှမ်းပြည်နယ် ကလောမြို့နယ် ဘော်နင်းရွာသစ် ကျေးရွာ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံ/ လုပ်ငန်းဆုရရှိသည့် ညောင်တုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးမှ Shwe Wah Nadi Agriculture Co., Ltd. ၏ ဆန်စပါးကြိတ်ခွဲ သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းတို့မှ တာဝန်ရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း (အထက်တန်းနှင့် အလယ်တန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသည့် ကျောင်းများကိုလည်း ကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း (မူလတန်းအဆင့်) ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများကို လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဇွေး က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းကျောင်းအဆင့် စာစီစာကုံးပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက် လာကြသူများသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယိုနှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သဝဏ်လွှာဗီဒီယို၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး ဗီဒီယိုတို့ကို ကြည့်ရှုကြကာ ဆုရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့အတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့အတွက် ဆုပေးအပ်ချီးမြှင့်စဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဇွေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာစောင့်ထိန်းမှု

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေးတို့ကို နိုင်ငံတော်အစိုးရက ဘက်စုံထောင့်စုံမှ ဖော်ဆောင်လျက်ရှိရာ တရားဥပဒေစိုးမိုးရေး(Rule of Law)သည် အဓိကကျသော မောင်းနှင်အားဖြစ်ပါသည်။ ထိုသို့တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ဥပဒေအရာရှိများသည် မရှိမဖြစ်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ဥပဒေအရာရှိတစ်ဦး

သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရန် ပြည်သူလူထုက မျှတသော တရားစီရင်ရေးနှင့် မှန်ကန်သော ဥပဒေစနစ်အပေါ် ယုံကြည်ကိုးစားမှု (Public trust) ရှိခြင်းသည် အထူးလိုအပ်လှသည်။ ပြည်သူ့ယုံကြည်မှုကို တည်ဆောက်ရာတွင် "ဥပဒေပညာသည် အကျင့်သိက္ခာနှင့် ပြည့်စုံသောပညာဖြစ်သည်"ဟူသော ဥပဒေရေးရာဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ဥပဒေအရာရှိများ၏ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်သိက္ခာနှင့် ကျင့်ဝတ်စံနှုန်းများ သိရှိနားလည်မှုနှင့် လိုက်နာစောင့်ထိန်းမှုများ မြှင့်တင်ရေးသည် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူ၏ ဥပဒေယုံကြည်ချက်တည်ဆောက်ရာ၌ အခြေခံအကျဆုံးအုတ်မြစ်ဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)က ပြဋ္ဌာန်းခဲ့သည့် **ဥပဒေအရာရှိကျင့်ဝတ် (Code of Ethics for Law Officers)**သည် အောက်ပါအဓိက ရည်ရွယ်ချက်များဖြင့် ပေါ်ထွက်လာခြင်းဖြစ်သည်-

(၁) ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး အများပြည်သူ ယုံကြည်အားကိုးရသော ဥပဒေအရာရှိများ ဖြစ်စေရန်၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရာရှိများ ဖြစ်စေရန်၊

(၃) ဖြောင့်မတ်မှန်ကန်၍ မျှတသောတရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရေးနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေရန်၊

(၄) ပြည်သူလူထု၏ အကျိုးစီးပွားကို အဂတိတရားကင်းရှင်းစွာ ဖော်ဆောင်၍ တရားမျှတမှု၊ သာတူညီမျှရရှိရေးကို အထောက်အကူပြုသည့် ဥပဒေအရာရှိများဖြစ်စေရန်၊

(၅) အရည်အသွေးနှင့် အရည်အချင်းမြင့်မားပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ဥပဒေအရာရှိများ ဖြစ်စေရန်။

ထို့ပြင် ဥပဒေအရာရှိကျင့်ဝတ်တွင် အခြေခံမူများဖြစ်သော -

(၁) ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်၍ ကိုယ်ကျင့်တရား ကောင်းမွန်စွာ ရပ်တည်မည့် ရိုးသားဖြောင့်မတ်ခြင်း (Integrity)၊

(၂) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဩဇာ လွှမ်းမိုးမှုမခံဘဲ အဂတိတရားကင်းရှင်းစွာ မည်သူ့ကိုမဆို ဘက်လိုက်မှုကင်း၍ တရားမျှတစွာ ဆောင်ရွက်ခြင်း (Impartiality)၊

(၃) တည်ဆဲဥပဒေများကို လေးစားလိုက်နာ၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ခြင်း(Propriety)၊

(၄) လူမျိုး၊ ဘာသာ၊ လိင်နှင့် ရာထူးအဆင့်အတန်း မခွဲခြားဘဲ တရားဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေမည့် တန်းတူညီမျှရှိခြင်း(Equality)၊

(၅) မိမိရာထူးနှင့်လျော်ညီသော ပညာရပ်ဆိုင်ရာ ဗဟုသုတကို စဉ်ဆက်မပြတ် လေ့လာရမည့် အရည်အချင်းနှင့် လုံလဝီရိယရှိခြင်း(Competence and Diligence)၊

(၆) ဌာနတွင်း အပြန်အလှန်လေးစားမှုရှိစွာ တရားဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း(Responsibility and Account-ability)ဟူသော အဓိကမဏ္ဍိုင်ကြီးများ သတ်မှတ်ထားပြီး ဥပဒေအရာရှိများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတ၏ "နိုင်ငံသားတိုင်း ဥပဒေ၏ အကာအကွယ်ကို အညီအမျှရရှိစေရမည်" ဟူသည့်လမ်းညွှန်ချက်ကို အထူးအလေးပေးပြီး ယခုအခါဥပဒေအရာရှိကျင့်ဝတ်ကို ပိုမိုလေးစားလိုက်နာမှုအားကောင်းစေရေးအတွက် ဥပဒေအရာရှိကျင့်ဝတ်များကို "အသိပညာပေးခြင်း" အဆင့်မှ "လိုက်နာစေရန် ထိန်းကျောင်းဆောင်ရွက်ခြင်း" အဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဥပဒေရေးရာဝန်ကြီးဌာန (Ministry of Legal Affairs-MOLA)သည် ဥပဒေအရာရှိများ၏ ကျင့်ဝတ်လိုက်နာမှု အခြေအနေများကို ပိုမိုအားကောင်းခိုင်မာလာစေရန် ရည်ရွယ်၍ အဆင့်မြင့်အရာရှိကြီးများမှစ၍ အရာရှိငယ်များအထိ ပါဝင်သော ဥပဒေအရာရှိ ကျင့်ဝတ်လိုက်နာရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို မေလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၉ ရက်နေ့များတွင် ဆောင်ရွက်ခဲ့ပါသည်။

ဤတွေ့ဆုံမေးမြန်းမှုများမှ ထွက်ပေါ်လာသည့် အဖိုးတန်အမြင်များ၊ သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့် ဥပဒေလောကသားများ ကျယ်ကျယ်ပြန့်ပြန့်၊ သိရှိနိုင်စေရန်အတွက် အမေးအဖြေပုံစံဖြင့် စိတ်ဝင်စားဖွယ် ထုတ်နုတ်ဖော်ပြ ပေးလိုက်ရပါသည်။

(၁) ဥပဒေအရာရှိကျင့်ဝတ်များ သိရှိနားလည်မှုနှင့် လက်တွေ့ကျင့်သုံးမှုအခြေအနေ

မေး ။ ။ ပထမဦးဆုံးအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်တွေကို စောင့်ထိန်းလိုက်နာမှု ပိုမိုအားကောင်းလာစေဖို့ လက်ရှိမှာ ဝန်ကြီးဌာနအတွင်း အရာရှိတွေ လက်တွေ့ကျင့်သုံးနေတဲ့နည်းလမ်းတွေကို သိပါရစေ။

ဖြေ ။ ။ လက်ရှိမှာ ဝန်ကြီးဌာနအနေနဲ့ ဥပဒေအရာရှိကျင့်ဝတ်ရဲ့ ရည်ရွယ်ချက်တွေဖြစ်တဲ့ ပြည်သူလူထု ယုံကြည်အားကိုးတဲ့ ဥပဒေအရာရှိများ ဖြစ်စေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့ အခွင့်အရေးကို ဥပဒေနဲ့အညီ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဖြောင့်မတ်မှန်ကန်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရေးတို့ကို အဓိက ဦးတည်လုပ်ဆောင်နေပါတယ်။ လက်တွေ့ကျင့်သုံးမှုအနေနဲ့ ကတော့ ဥပဒေအရာရှိ တစ်ဦးချင်းစီရဲ့ ရုံးလုပ်ငန်းခွင်အတွင်း နေ့စဉ်ဆောင်ရွက်ချက်တွေမှာ ကျင့်ဝတ်ပါ အခြေခံမူတွေဖြစ်တဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ဘက်လိုက်မှုကင်းခြင်းတွေကို အခြေခံဆောင်ရွက်ပါတယ်။ ဥပဒေအကြံဉာဏ်ပေးတဲ့အခါမှာ ခိုင်မာတဲ့အထောက်အထား၊ ဥပဒေပြဋ္ဌာန်းချက်တွေအပေါ်မှာပဲ မှန်ကန်စွာ စဉ်းစားတွေးခေါ်ပြီး အဂတိတရားကင်းကင်းနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်တဲ့ အလေ့အထကို လက်ဆင့်ကမ်းအကောင်အထည်ဖော်နေကြပါတယ်။

မေး ။ ။ အရင်က အခြေအနေတွေနဲ့ နှိုင်းယှဉ်ရင် အခုမျက်မှောက်ခေတ်ကာလမှာ အရာရှိတွေရဲ့ ဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှု အဆင့်အတန်း ဘယ်လောက်အထိ တိုးတက်ပြောင်းလဲလာတယ်လို့ သုံးသပ်မိပါသလဲ။

ဖြေ ။ ။ အကယ်၍ အရင်က ဥပဒေအရာရှိကျင့်ဝတ်လိုက်နာမှု အဆင့်ကို အဆင့်(၁)ကနေ (၁၀) အတွင်း သတ်မှတ်မယ်ဆိုရင် အရင်ကာလတွေက အဆင့်(၅) ဒါမှမဟုတ် (၆) ဝန်းကျင်မှာ ရှိခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနရဲ့ စဉ်ဆက်မပြတ် ကြိုးကြပ်မှု၊ သင်တန်းတွေ ပေးနိုင်မှုကြောင့် အခုအချိန်မှာတော့ အဆင့် (၉) ဝန်းကျင်အထိ သိသိသာသာတိုးတက်ပြောင်းလဲ လာတယ်လို့ ယူဆပါတယ်။ အထူးသဖြင့် အရာရှိငယ်တွေကြားထဲမှာ မိမိတို့ရဲ့ ဂုဏ်သိက္ခာ၊ ဝန်ကြီးဌာနရဲ့ ပုံရိပ်အတွက် မဖြစ်မနေလိုက်နာရမယ်ဆိုတဲ့ အသိစိတ်ဓာတ် ပိုမိုမြင့်မားလာတာကို တွေ့ရပါတယ်။

(၂) လုပ်ငန်းခွင်တွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုဆိုင်ရာ တိုးတက်ပြောင်းလဲလာသည့် အခြေအနေ

မေး ။ ။ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ အချက်အလက်တွေထဲမှာ ဥပဒေအရာရှိတွေအနေနဲ့ ဘယ်အချက်တွေကို ပိုပြီး အလေးထား လိုက်နာကြတာကို တွေ့ရပါသလဲ။

ဖြေ ။ ။ အဓိကတွေ့ရတာကတော့ အခြေခံမူ (၆)ချက်ထဲက "ရိုးသားဖြောင့်မတ်ခြင်း" နဲ့ "တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" အချက်တွေကို ပိုမိုအလေးထားလာကြပါတယ်။ "ရိုးသားဖြောင့်မတ်ခြင်း" အခြေခံမူပါ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊ ရာထူးနှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားမပြုခြင်း၊ ရုံးတံဆိပ်၊ အမှတ်အသားများကို အလွဲသုံးစားမပြုခြင်း၊ ရုံးအသုံးအဆောင်၊ ဌာနပိုင်ပစ္စည်းများကို မိမိပိုင်ပစ္စည်းကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ ရာထူးအဆင့်နဲ့လျော်ညီစွာ ပြောဆိုကျင့်ကြံနေထိုင်ခြင်းတွေကို အရာရှိကြီးတွေကရော အရာရှိငယ်တွေကပါ အထူးဂရုပြုဆောင်ရွက်နေကြတာ တွေ့ရပါတယ်။

ဒါ့အပြင် "တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း" ဆိုတဲ့အတိုင်း မိမိကို ပေးအပ်လာတဲ့ တာဝန်ကို ဌာနရဲ့ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ လျှို့ဝှက်ချက်များ မပေါက်ကြားအောင် ထိန်းသိမ်းပြီး တာဝန်ယူဆောင်ရွက်ခြင်း၊ ဒီလိုဆောင်ရွက်ရာမှာ ဖြစ်ပေါ်လာတဲ့ အကောင်းအဆိုးကိုလည်း တာဝန်ခံမှုရှိစွာဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းတွေကို ဆောင်ရွက်နေကြပါတယ်။

(၃) စိန်ခေါ်မှုများနှင့် တားဆီးကာကွယ်ရေး ယန္တရားများ

မေး ။ ။ ဥပဒေအရာရှိကျင့်ဝတ် ဖောက်ဖျက်မှုတွေကို ထိထိရောက်ရောက် ဟန့်တားနိုင်ဖို့ လက်ရှိစစ်ဆေး အရေးယူနေတဲ့ စနစ်အပြင် နောက်ထပ်ဘာတွေ ဖြည့်စွက်လုပ်ဆောင်သင့် တယ်လို့ မြင်ပါသလဲ။

"လက်ရှိ စစ်ဆေးအရေးယူမှုတွေက ထိရောက်မှုရှိသလို နောက်ထပ်ဖြည့်စွက်ရမှာကတော့ တိုင်ကြားစာတွေအပေါ် လျင်လျင်မြန်မြန်နဲ့ ဘက်လိုက်မှုကင်းကင်း စုံစမ်းစစ်ဆေးမယ့် အမှီအခိုကင်းတဲ့ ကော်မတီ သို့မဟုတ် အဖွဲ့အစည်းတစ်ခု ပိုမိုအားကောင်းလာဖို့ ဖြစ်ပါတယ်။ တိုင်ကြားသူကို လုံခြုံမှုရှိစေဖို့ နည်းလမ်းတွေ၊ မမှန်မကန် တိုင်ကြားရင်လည်း အရေးယူမယ့်နည်းလမ်းတွေ ထည့်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြစ်ဒဏ်ပေးတာ သက်သာမဟုတ်ဘဲ မဖောက်ဖျက်မိအောင် ကြိုတင်တားဆီးတဲ့ (Preventive measures)အနေနဲ့ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲတွေကို ပုံမှန်လုပ်ပေးဖို့ လိုအပ်ပါတယ်။"

မေး ။ ။ လုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိကျင့်ဝတ်နဲ့ မညီညွတ်တဲ့ လုပ်ဆောင်မှုတွေ တွေ့ရှိခဲ့ရင် ဒါမှမဟုတ် သိရှိခဲ့ရင် ဘယ်လိုပုံစံမျိုးနဲ့ အသိပေးတိုင်ကြားတာက ပိုပြီးထိရောက်မှုရှိမယ်လို့ ယူဆပါသလဲ။

ဖြေ ။ ။ အလုပ်ခွင်မှာ ကျင့်ဝတ်ပျက်ယွင်းတာတွေ့ရင် အမည်မဖော်လိုတဲ့ လျှို့ဝှက်တိုင်ကြားနိုင်တဲ့စနစ် (Confidential Reporting/ Whistleblowing system)က အထိရောက်ဆုံး ဖြစ်ပါလိမ့်မယ်။ တိုင်ကြားသူရဲ့ လုံခြုံရေးကို ရာနှုန်းပြည့်အာမခံချက်ပေးနိုင်မယ်ဆိုရင် ပိုပြီးပွင့်လင်းမြင်သာလာမှာဖြစ်သလို ဝန်ကြီးဌာနရဲ့ အွန်လိုင်း Complaint Portal တွေကတစ်ဆင့် တိုက်ရိုက်အသိပေးနိုင်တဲ့ပုံစံမျိုးက ပိုမိုထိရောက်မြန်ဆန် စိတ်ချရပါလိမ့်မယ်။

(၄) မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု

မေး ။ ။ ဥပဒေရေးရာဝန်ကြီးဌာနဟာ ရဲတပ်ဖွဲ့၊ တရားရုံး စတဲ့ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းလုပ်ကိုင်ရတာ ဖြစ်ပါတယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့အခါ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို တိတိကျကျ လိုက်နာခြင်းအားဖြင့် ဌာနအချင်းချင်း ယုံကြည်မှုနဲ့လေးစားမှုကို ဘယ်လိုတိုးတက်ကောင်းမွန်လာစေနိုင်မလဲ။

ဖြေ ။ ။ အဓိကကတော့ ဥပဒေအရာရှိတွေဘက်က ဥပဒေအရာရှိကျင့်ဝတ်ကို စံပြအနေနဲ့ လိုက်နာပြခြင်းအားဖြင့် အခြားမိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ တရားစွဲအဖွဲ့အစည်းနဲ့ တရားရုံးတွေကပါ အပြန်အလှန်လေးစားမှု ပိုရှိလာမှာပါ။

စာမျက်နှာ ၇ သို့

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၅

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီတို့၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီအား ယနေ့ နံနက် ၁၁ နာရီတွင် ပေကျင်းမြို့ရှိ ကျောက်ဖျိထိုင် နိုင်ငံတော်ည့ှေဧဟာသို့ သွားရောက်တွေ့ဆုံသည်။



တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးနှင့် "အေးအတူပူအမျှ အသိုက်အဝန်း" တည်ထောင်မှုအပါအဝင် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် တရုတ်နိုင်ငံက ဆက်လက်ပံ့ပိုးကူညီသွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများကို အိမ်နီးချင်းကောင်းပီသစွာ အတူတကွ ပူးပေါင်းတိုက်ဖျက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင်လည်း နှစ်နိုင်ငံအပြန်အလှန် ထောက်ခံရပ်တည်ပြီး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးတို့ကို သဘောတူညီခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံအားပေးမှုနှင့် ကူညီပံ့ပိုးပေးမှုများ၊ အထူးသဖြင့် မြေလျင်အပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် "တရုတ်တစ်နိုင်ငံတည်းမူဝါဒ" နှင့် တရုတ်နိုင်ငံ အကြီးအကဲ၏ ကမ္ဘာလုံးဆိုင်ရာ အစီအမံ (၄) ရပ်အပေါ် အပြည့်အဝထောက်ခံပြီး ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် SCO နှင့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စသည့်မူဘောင်များအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယီက တရုတ်နိုင်ငံအနေဖြင့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီတည်ဆောက်မှုတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီမှုရှိသည့် လမ်းကြောင်းဖြင့် လျှောက်လှမ်းနေမှုကို ထောက်ခံအားပေးပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှုကို မြှင့်တင်သွားပြီး ကဏ္ဍစုံ၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယီက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီဟုန်ကျုံး အား ပြည်သူ့ခန်းမဆောင်၌ သွားရောက်တွေ့ဆုံ၍ လွတ်တော်နှင့် အစိုးရဆန်မဆောင်ရွက်သွားမည့် လုပ်ငန်းကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ လွတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

သတင်းစဉ်

ညောင်ရွှေမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ ဇွန် ၅

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှု

လျော့နည်းကျဆင်းစေရေး၊ တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ ပြည်သူများ၏ လစဉ်ဓာတ်အားသုံးစွဲယူနစ် မှန်ကန်မှုရှိစေရေးနှင့် မီတာပြဂရမ်များ လိုဖတ်ခြင်း၊ ပိုဖတ်ခြင်းများ မဖြစ်ပေါ်စေရေး အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိန်လင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ၆၆ ကေဗွီဓာတ်အားခွဲရုံများမှ ဝန်ထမ်းများက ယနေ့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကလည်း မီတာကွင်းဆင်းဖတ်ရှုမှုကိုသိရှိကြောင်း လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းကို ဇွန် ၁ ရက်မှ ၅ ရက်အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရာကွက်၍ မိုးကြိုးနှိုင်

နေပြည်တော် ဇွန် ၅

ဇွန် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနှိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ မိုး/၈လ

စာမျက်နှာ ၆ မှ

တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ရပ်တည်ပြမယ်ဆိုရင် အပြန်အလှန်ယုံကြည်မှု (Mutual Trust) တိုးတက်လာပြီး လုပ်ငန်းကိစ္စတွေ ပိုမိုချောမွေ့မြန်ဆန်လာမှာ ဖြစ်ပါတယ်။

(၅) မျိုးဆက်သစ် ဥပဒေအရာရှိများ၏ သဘောထားနှင့် မျှော်လင့်ချက်များ

မေး။ ။ အခုလို တွေ့ဆုံမေးမြန်းမှုတွေထဲမှာ ဝန်ကြီးဌာနရဲ့ အနာဂတ်ကိုပုံဖော်ကြမယ့် မျိုးဆက်သစ်အရာရှိငယ်တွေရဲ့ ဥပဒေအရာရှိ ကျင့်ဝတ်အပေါ် နားလည်သဘောပေါက်မှုက ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ အရာရှိငယ်တွေကတော့ ဥပဒေအရာရှိကျင့်ဝတ်နဲ့ ပတ်သက်ပြီး နားလည်သဘောပေါက်မှုအားကောင်းကြတာကို တွေ့ရပါတယ်။ သူတို့အနေနဲ့ အလွတ်ကျက်မှတ်ရုံတင်မဟုတ်ဘဲ လက်တွေ့လုပ်ငန်းခွင်မှာ ကိစ္စရပ်တွေကြုံလာရတဲ့အခါ ဥပဒေအရာရှိ ကျင့်ဝတ်ကို အခြေခံပြီး ရိုးသားဖြောင့်မတ်စွာနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိ ဆောင်ရွက်လိုကြတာ တွေ့ရပါတယ်။

မေး။ ။ ဒါဆိုရင် လက်ရှိလုပ်ငန်းခွင်အတွင်းမှာ ဥပဒေအရာရှိ ကျင့်ဝတ်စောင့်ထိန်းမှု အားကောင်းလာစေဖို့အတွက် ဘယ်လိုအချက်တွေကို ပံ့ပိုးပေးစေချင်ကြောင်း အကြံပြုထားတာမျိုး ရှိပါသလဲ။

ဖြေ ။ ။ အရာရှိငယ်တွေက လုပ်ငန်းခွင်မှာ လမ်းညွှန်မှုပေးနိုင်မယ့် အုပ်ထိန်းမှုစနစ်ကို လိုလားကြပါတယ်။ အတွေ့အကြုံရင့်စိန်ယာအရာရှိကြီးတွေရဲ့ လက်တွေ့လုပ်ငန်းခွင်အတွင်း ဥပဒေအရာရှိကျင့်ဝတ်နဲ့အညီ စံပြနေထိုင်ဆုံးဖြတ်ပြမှုတွေကို နမူနာယူပြီး ကျင့်ဝတ်ပိုင်းဆိုင်ရာ လမ်းမှန်ရောက်စေဖို့ အနီးကပ်လမ်းညွှန်ပေးစေချင်ကြပါတယ်။ ဒါ့အပြင် ဥပဒေအရာရှိ ကျင့်ဝတ်စောင့်ထိန်းလိုက်နာမှုအားကောင်းလာစေဖို့ အထက်အောက် အပြန်အလှန်အကဲဖြတ်ခြင်းကို ဆောင်ရွက်သင့်ကြောင်းလည်း ဖြေကြားကြပါတယ်။ ဒီလို အပြန်အလှန်အကဲဖြတ်တဲ့အခါ လုပ်ငန်းခွင်မှာ မလိုလားအပ်တဲ့ အဆင်မပြေမှုတွေမဖြစ်စေဖို့ စနစ်တကျနဲ့ ပြုပြင်ပြောင်းလဲရေးကိုသာ ဦးတည်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဥပဒေရေးရာဝန်ကြီးဌာန၏ အဆင့်ဆင့်သော ဥပဒေအရာရှိများနှင့် ပြုလုပ်ခဲ့သည့် ဤတွေ့ဆုံမေးမြန်းမှုက ဝန်ကြီးဌာန၏ ထူးခြားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဥပဒေအရာရှိများ၏ ကျင့်ဝတ်သိက္ခာကို မြှင့်တင်ခြင်းသည် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေးကို မြှင့်တင်ခြင်းသာမကဘဲ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်ပေးနေခြင်းလည်း ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းမှုများအပေါ် စနစ်တကျကောက်ယူခဲ့သော အခြေခံ အချက်အလက် (Baseline Data) လေ့လာဆန်းစစ်ချက်များအရ ဥပဒေအရာရှိများသည် မိမိတို့၏ ဥပဒေအရာရှိကျင့်ဝတ်စောင့်ထိန်းမှု အခြေအနေကို ယခင်ကာလများနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုနားလည်သဘောပေါက်ပြီး ကောင်းမွန်စွာ မြှင့်တင်လာနိုင်ကြောင်း တွေ့ရှိရသည်။

ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ခြင်းတို့တွင် နှစ်နာသူတို့ ဥပဒေအရ ရထိုက်ခွင့်ရှိသော အခွင့်အရေးများ မဆုံးရှုံးစေရေးတို့အတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများတွင်လည်း ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားမှုမှ ရှောင်ကြဉ်ခြင်းဖြင့် အမှန်တရားပေါ်ပေါက်စေပြီး အများပြည်သူက ယုံကြည်ကိုးစားမှုရရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။

အမှန်စင်စစ် ဥပဒေအရာရှိတစ်ဦး၏ ကျင့်ဝတ်စောင့်ထိန်းမှုသည် လုပ်ငန်းခွင်အတွင်း၌သာမက ပြင်ပမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရာတွင်လည်း ဝန်ကြီးဌာန၏ ပုံရိပ်ကို အဆုံးအဖြတ်ပေးသည့်အရာဖြစ်သည်။ အထူးသဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရာတွင်လည်းကောင်း၊ ရဲတပ်ဖွဲ့၊ တရားရုံး၊ အကျဉ်းဦးစီးဌာန စသည့် ဆက်စပ်မိတ်ဖက်အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောအရ ညှိနှိုင်းဆောင်ရွက်ရာတွင် လည်းကောင်း ဥပဒေအရာရှိကျင့်ဝတ်ကို တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥပဒေအရာရှိများက မိမိတို့၏ ကျင့်ဝတ်ကို ခိုင်မာစွာ ရပ်တည်ပြခြင်းကြောင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်များနှင့် ဥပဒေအကြံပြုချက်များအပေါ် ယုံကြည်မှုနှင့် လေးစားမှုမှာ ယခင်ကထက် ပိုမိုမြင့်မားလာပြီး ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုစနစ်ကျ အားကောင်းလာစေခဲ့သည်။

သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ အမြော်အမြင်ရှိသော ကြပ်မတ်မှု၊ ဥပဒေရေးရာဝန်ကြီးဌာနရှိ အဆင့်မြင့် အရာရှိကြီးများ၏ ကြီးကြပ်မှု၊ အရာရှိငယ်များ၏ တက်ကြွပြီး ဖြောင့်မတ်သော အသိစိတ်ဓာတ်များ ပေါင်းစပ်၍ ကျင့်ဝတ်သိက္ခာ အပြည့်ဖြင့် လျှောက်လှမ်းလျက်ရှိသည့် "တရားဥပဒေစိုးမိုးရေး" ဆောင်ရွက်မှုခရီးလမ်း (Moving forwards to the Rule of Law) သည် ပြည်သူများ ယုံကြည်အားကိုးရာ ပန်းတိုင်သို့ မုချဧကန် ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် **အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များပါဝင်သည့် အောင်လံခရိုင်ကို ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် သရက်ခရိုင်မှခွဲထုတ်ပြီး အောင်လံခရိုင် အဖြစ်ဖွဲ့စည်းခဲ့ကြောင်း၊ သို့သော် ခရိုင်ဖွဲ့စည်းခြင်း လေးနှစ်ကြာကာလအတွင်း သက်ဆိုင်ရာခရိုင်ရုံးတချို့ လိုအပ်နေသေးကြောင်း ပြည်သူများထံမှ သိရှိရသည့်အတွက် မကွေးတိုင်းဒေသကြီး အောင်လံခရိုင်ဟု သတ်မှတ်ထားမှုနှင့် အညီ ခရိုင်အဆင့်ရုံးများဖြစ်သည့် (ကညန)ရုံး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနရုံးနှင့် မြန်မာ့အာမခံလုပ်ငန်းရုံးတို့ကို ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် လုပ်ဆောင်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အောင်လံခရိုင်အတွင်းရှိ မော်တော်ယာဉ် သက်တမ်းတိုးခြင်းလုပ်ငန်းနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်းကို သရက်ခရိုင်ရုံးက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ် နှစ်ခုပါဝင်သော အောင်လံခရိုင်အတွင်း၌ မော်တော်ယာဉ်နှင့်မော်တော်ဆိုင်ကယ် ၁၂၀၈၇ စီးနှင့် ယာဉ်မောင်းလိုင်စင် ၁၈၇၀၇ စောင်ရှိပါကြောင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုထုတ်ပေးခြင်း လုပ်ငန်းများအား အောင်လံမြို့သို့ တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်နှစ်လျှင် ၂၄ ကြိမ် နယ်လှည့်ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သရက်ခရိုင်ရုံးအနေဖြင့် အောင်လံခရိုင်သို့ နယ်လှည့်ကွင်းဆင်းသည့်အခါ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် အာမခံလုပ်ငန်းကိုတစ်ပါတည်း One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လတ်တလောကာလတွင် အောင်လံခရိုင်၊ သရက်ခရိုင်နှင့် တွဲဖက်၍ One Stop Service ပုံစံဖြင့် ဆောင်ရွက်ပေးနေပြီး ခရိုင်ရုံးအသစ်များ

ဖွင့်လှစ်နိုင်ရန် ကန့်သတ်ချက်များရှိနေခြင်းတို့ကြောင့် အောင်လံခရိုင်အတွက် ခရိုင်ရုံးဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့နယ်၊ စမုံတဲလေယာဉ်ကွင်းအား တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့် တိုးချဲ့ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလှက ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် မာန်အောင်လေယာဉ်ပြေးလမ်းတွင် ATR 72-600 အမျိုးအစား လေယာဉ်များ ဆင်း၊ တက် အသုံးပြုနိုင်ရေးအတွက် လက်ရှိလေယာဉ်ပြေးလမ်း ၄၅၀၀ x ၁၀၀ ပေ အား ဆောင်ရွက်ရမည် ဖြစ်ပြီး ပထမအဆင့်အနေဖြင့် တောင်ဘက်သို့ ၁၅၀၀ x ၁၀၀ ပေ လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာ တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေ ရရှိပါက အကောင်အထည်ဖော်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ မိုင်းခတ်မြို့နယ် မိုင်းန္ဒန်းကျေးရွာအုပ်စု တပ်မိုင်ကျေးရွာရှိ နမ့်ခန္ဒန်းချောင်းဘေးတွင် အရှည် ၅၀၀ ပေခန့် ကျောက်စီရေတားနံရံတည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိနှင့်ရှိလျှင် မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလှက မိုင်းခတ်မြို့၏ တပ်မိုင် ကျေးရွာကို ရောက်ရှိသွားရောက်စဉ်က ကာကွယ်စေရန် နည်းလမ်းနှစ်မျိုးရှိပါကြောင်း၊ ပထမနည်းလမ်းမှာ နမ့်ခန္ဒန်းချောင်းကို ရေလမ်းကြောင်း လွှဲပေးခြင်းဖြစ်ပြီး ကျေးရွာမျက်နှာချင်းဆိုင်ရှိ မြေသားခုံအလွှာပေ ၁၂၆၀ ခန့်ကို မြောင်းတူးပြီး ချောင်းဖြောင့်ပေးခြင်းဖြင့် တပ်မိုင် ကျေးရွာအား ရေဝဲထိုးစီးဆင်းနေမှု မှ သွေဖည်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယနည်းလမ်းမှာ တပ်မိုင်ကျေးရွာအား နမ့်ခန္ဒန်းချောင်း ကမ်းပါးတစ်လျှောက် မြေထိန်းနံရံများဖြင့် တိုက်ရိုက်ကာကွယ်ရာတွင် ချောင်းနှင့်ထိစပ်နေသောအပိုင်း ဖြစ်သည့် အလျားပေ ၆၅၀ ခန့်ကိုသာ လမ်းမကြီး Level အမြင့်နှင့်အညီ ကာကွယ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ပါ၍ တပ်မိုင်ကျေးရွာအနီး လက်ရှိဖြတ်သန်းစီးဆင်းနေသော နမ့်ခန္ဒန်း ချောင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင် ကာကွယ်ရေး ငွေလုံးငွေရင်းရန်ပုံငွေအစီ အစဉ်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်း ဖြစ်သဖြင့် ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ် ကွင်းဆင်းတိုင်းတာစစ်ဆေး၍ အနီးစပ် ဆုံး ဘဏ္ဍာရေးနှစ်တွင် လျာထားစီမံ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ မိုင်းထွန်းလင်း၏ မိုးနဲမြို့နယ် ဖိုင်လုံဆည်မှ ကြူတောဆည်အထိ ၅ ဒသမ ၁ မိုင်အတွင်းရှိ နုန်းမြေနှင့် ချုံနွယ်များကို တူးဖော်ရှင်းလင်းရန်ရှိ/မရှိ၊ ကျိုင်ပေါက်နေသည့် နမ့်တွန်ချောင်း တာပေါင် လေးနေရာကို ခိုင်ခံ့အောင် ပြန်တည်ဆောက်ပြီး အရန်ပေါင်များကို အဆင့်မြှင့်တင်ရန် ရှိ/ မရှိ၊ နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်းဆုံရာမှ (နား၁-ဟဲကော) လမ်းအထိ ၁ ဒသမ ၄၃ မိုင်အား တာပေါင်မြှင့်တင်ခြင်းနှင့် နုန်းမြေဖယ်ရှားခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်ရှိပါက မည်သည့်အချိန်တွင် လုပ်ငန်းစတင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုးနဲမြို့နယ်ကြူတောဆည်မှ ဖိုင်လုံဆည် ကြား အလျား ၅ ဒသမ ၁ မိုင်အနက် အလျား ၀ ဒသမ ၄၅ မိုင်တွင် နုန်းမြေနှင့် ချုံနွယ်များကို စက်ယန္တရားများဖြင့် တူးဖော်ရှင်းလင်းခြင်းအား ယခု ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် မိုးမကျမီ ရက် ၁၀၀ အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိ သည့်အလျား ၄ ဒသမ ၆၅ မိုင်ကို ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးပါက စိုက်ပျိုးမြေဧရိယာ ၈က ၃၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

ကြူတောဆည်မှ ဖိုင်လုံဆည်ကြား ၅ ဒသမ ၁ မိုင်အတွင်း ကျိုင်ပေါက် နေသည့် နမ့်တွန်ချောင်းတာပေါင် ငါးနေရာ၊ အလျား ၂၃၅၅ ပေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၀၀ ဒသမ ၄၉၅ သန်းဖြင့် ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာနှစ်တွင် ပြန်လည်မြေဖို့ ပြုပြင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် နမ့်တွန်ချောင်းပေါင် လေးနေရာအလျား ပေ ၁၂၀၀ ကို ခိုင်ခံ့အောင် ပြန်လည်မြေဖို့ ခြင်း လုပ်ငန်းအား ယခု ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စုမူလရန်ပုံငွေ ကျပ်သန်း ၁၂၀ ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်း ချောင်းဆုံရာမှ အရန်ပေါင်များမှာ နှစ်ကာလ ကြာမြင့်လာသောကြောင့် နိမ့်ကျလျက်ရှိပါကြောင်း၊ အဆိုပါ အရန် ပေါင်အလျား ၁ ဒသမ ၃၇ မိုင်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၂၀၂၇-၂၀၂၈ ခု၊ ပြည်ထောင်စုမူလရန်ပုံငွေ (ငွေလုံး ငွေရင်း) သို့မဟုတ် သင့်လျော်ရာရန်ပုံ ငွေတွင် ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း။

နမ့်တွန်ချောင်းနှင့် နမ့်မယ်မန်း ဆုံရာမှ (နား၁-ဟဲကော) လမ်းအထိ ၁ ဒသမ ၄၃ မိုင်အား တာပေါင်မြှင့်တင် ခြင်းနှင့် နုန်းမြေဖယ်ရှားခြင်းလုပ်ငန်း များကိုလည်း ၂၀၂၇-၂၀၂၈ ခု၊ ပြည်ထောင်စု မူလရန်ပုံငွေ (ငွေလုံးငွေရင်း) သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်း တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ထန်တပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် ချောင်းဟောင်း ထိန်နှစ်ပင်မှ စာဖြူစုကျေးရွာအလွန် (ရိုးရှည်)အထိ အရှည် ၃ မိုင်အား ချောင်းဟောင်းတူးဖော်ရန် လိုအပ်လျက် ရှိပါသောကြောင့် ချောင်းဟောင်းပေ အရှည် ၃ မိုင်အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိနှင့် မည်သည့်အချိန်၊ မည်သည့် ကာလတွင် ဆောင်ရွက်နိုင်ခြင်းရှိ/ မရှိတို့ အား သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင် မြို့နယ် ထိန်နှစ်ပင်ချောင်းဟောင်းမှ စာဖြူစုကျေးရွာအလွန်(ရိုးရှည်) ချောင်း ဟောင်းအထိ အရှည် ၃ မိုင် ပြန်လည် တူးဖော်ခြင်းလုပ်ငန်းသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေ ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မှ လျာထားဆောင်ရွက်မည့် သဲဖြူ ကျေးရွာချောင်းအရင်းပိုင်းမှ ရွာကန့်လန့် ကျေးရွာရှိ ချောင်းသစ်ချောင်းအထိ ချောင်းဟောင်းအား (၃ ဒသမ ၅)မိုင် ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဖြစ်ပါ ကြောင်းနှင့် အဆိုပါလုပ်ငန်းဆောင်ရွက် နိုင်ရန်အတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် လုပ်ငန်းစာချုပ်ချုပ်ဆို၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မကုန်မီ လုပ်ငန်းအား အပြီးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စုအတွင်းရှိ ကိုယ့်အားကိုယ်ကိုးဆည်များ ဖြစ်ကြသည့် နှမ်းတောဆည်၊ ကြခတ်ဆည်၊ ဇီးရိုင်းဆည်နှင့် ကျောက်ဆည် ဆည်များအား တောင်သူများ စိုက်ပျိုး "ရေ" လုံလောက်စွာရရှိသုံးစွဲနိုင်ရေး ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ/ မရှိ သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပျဉ်းမနားမြို့နယ် နှမ်းတောချောင်းပေါ် တွင် နှမ်းတောရေလွှဲဆည် (ညောင်ပင် ပိုင်းရေလွှဲဆည်)ကို တည်ဆောက်ထားပြီး လက်ရှိအခြေအနေ၌ ရေလွှဲဆည်၏ အထက်ပိုင်း၊ အောက်ပိုင်းနှင့် ရေပေး မြောင်းအတွင်း သဲနုန်းပို့ချတိမ်ကောနေ သောကြောင့် သဲနုန်းတူးဖော်ခြင်းနှင့် ရေပေးမြောင်းပြုပြင်ခြင်းတို့ကို ဆောင် ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ပြုပြင် ခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ခုနှစ် နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း။

ဇီးရိုင်းချောင်းပေါ်တွင်ရှိသည့် ဇီးရိုင်း ဆည်၊ ကျောက်ဆည်ရေလွှဲဆည်နှင့် ကြခတ်ရေလွှဲဆည်များ၏ လက်ရှိအခြေ အနေတွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း များ၊ ရေကာပေါင် ပြုပြင်ခြင်းလုပ်ငန်း များနှင့် ရေပေးမြောင်းသဲနုန်းတူးဖော် ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ် လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများ စိုက်ပျိုးရေး လုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ရေလွှဲ ဆည်များပြုပြင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ခု၊ ဘဏ္ဍာနှစ် နေပြည်တော် ကောင်စီရန်ပုံငွေ သို့မဟုတ် သင့်လျော် ရာ ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံ ငွေရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၊ အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်းနှင့် အတွင်းရေးမှူးအဖြစ် မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးစတုတ္ထနေ့ကို ဇွန် ၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၅

ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ နေပြည်တော်သို့ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအား ယနေ့ညပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

ညစာစားပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း TV BRICS သတင်းဌာန၏ မေးမြန်းမှုများကို ဖြေကြား

စိန့်ပီတာစာတ် ဇွန် ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစာတ်မြို့၌ TV BRICS သတင်းဌာနနှင့် တွေ့ဆုံပြီး မေးမြန်းမှုများကို ဖြေကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေး ပိုမိုခိုင်မာစေရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အဓိကအခန်းကဏ္ဍ တစ်ရပ်အနေဖြင့် ပါဝင်နေပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် သတင်းမီဒီယာကဏ္ဍတွင် ပိုမိုဖြင့်တင်နိုင်ရန် ရုရှားနိုင်ငံပိုင်ရုပ်သံဌာနများနှင့်ပူးပေါင်းပြီး ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက်များ ဖလှယ်ရေး၊ မှတ်တမ်းရုပ်ရှင်များ၊ ယဉ်ကျေးမှု အစီအစဉ်များကို အပြန်အလှန် ဖလှယ်ထုတ်လွှင့်နိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရုရှားနိုင်ငံအပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍတွင် သတင်းအချက်အလက် ပူးပေါင်းဖလှယ်ခြင်းက နိုင်ငံများအကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရန်နှင့် ပြည်သူအချင်းချင်းနားလည်မှုကို ပိုမိုဖြင့်တင်လာနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ "Media is the Public Opinion Shaping tool" ဆိုသည့် စကား အတိုင်း မီဒီယာသည် ပြည်သူများ၏ အတွေးအမြင်ကို ပုံဖော်ပေးနိုင်သည့်အပြင် နိုင်ငံအချင်းချင်း ယဉ်ကျေးမှုနှင့် စာနာနားလည်မှုများကို ပေါင်းကူးတံတားအဖြစ် လုပ်ဆောင် ပေးပါကြောင်း၊ BRICS နိုင်ငံများနှင့် ပူးပေါင်းပြီး ဘစ်ဂျစ်တယ်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် လေ့ကျင့်ပျိုးထောင်ရေးများကို လုပ်ဆောင်ခြင်းဖြင့် လူမှုစီးပွားဘဝကို ဖြင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co., Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား တွေ့ဆုံ

နေပြည်တော် ဇွန် ၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစာတ်မြို့၌ ကျင်းပလျက်ရှိသည့် (၂၉) ကြိမ်မြောက် စိန့်ပီတာစာတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညီစောနှင့်အတူ တက်ရောက်လျက်ရှိသည့် လျှပ်စစ်နှင့်စွမ်းအင်၊ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ Telematic Solution Co., Ltd. မှ အမှုဆောင်အရာရှိချုပ် Mr. Vladimir Parshin အား ယမန်နေ့ ညနေပိုင်းတွင် EXPOFORUM Convention and Exhibition Centre ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရုရှား၏ ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ဒီဂျစ်တယ် နည်းပညာသုံး မီတာဖတ်ယူသည့်စနစ်နှင့် သုံးစွဲသူများက မိတာခများပေးဆောင်နိုင်သည့် Smart meter စနစ် မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရန် အတွက် ရင်းနှီးမြှုပ်နှံ၍ နည်းပညာလွှဲပြောင်းပေးအပ်နိုင်ရန် ကိစ္စရပ်များနှင့် လက်ရှိ အသုံးပြုနေသည့် စနစ်တွင်ပေါင်းစပ်၍ အဆင့်မြှင့်တင်သွားနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မုံရွာမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

မုံရွာ ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သည့် စကံရုံ၊ အလုပ်ရုံများ၊ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ကျောင်းဆုများနှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို အလွတ်တန်း စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိ ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

ဒီဂျစ်တယ်ငွေကြေးစနစ်ဖြင့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြှင့်တင်ပေးမည်

မိုးရာသီရောက်လာပြီ။ စိုက်ပျိုးရေးလုပ်ငန်းခွင်အသီးသီးကို ကိုယ်စီဝင်ရတော့မည်။ စိုက်ပျိုးသူ တောင်သူလယ်သမားများအနေဖြင့် အဓိကလိုအပ်သည်မှာ စိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီး အထောက်အပံ့ဖြစ်သည်။ စိုက်ပျိုးစရိတ်ချေးငွေလေးရမှ မျိုးဝယ်ရမည်၊ ဓာတ်မြေဩဇာဝယ်ရမည်၊ ထွန်စက်ငှားရမည်၊ ထွန်ရေးပြင်ဖို့ အလုပ်သမားငှားရမည်။

တောင်သူလယ်သမားအများစုက လယ်ရှိသော်လည်း အရင်းအနှီးမတတ်နိုင်သူများသည်။ ဝမ်းစာလည်း ချန်ရသေးသည်၊ အိမ်ထောင်စုစရိတ်လည်း ဖယ်ရသေးသည်၊ စိုက်ပျိုးရေးရာသီပြီးလို့ စပါး ပေါ်ခါနီမှာ အမြီးနှတ်၊ ခေါင်းနှတ်နှင့် နောက်တစ်ရာသီအတွက် အရင်းအနှီးမရှိတော့ပေ။ ယခုနိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနေပြီ။ နိုင်ငံတော်က ထုတ်ချေးမှသည် ယခင်နှင့်မတူ တစ်မူထူးခြားသည်။ ချေးယူရသည်မှာလည်း လွယ်ကူ၊ ငွေရရှိသည်မှာလည်း အဆင်ပြေ၊ ယခင်ထက် နှစ်ဆတိုးရကြတော့ တောင်သူလယ်သမားများဘဝ အဆင်ပြေလေပြီ။

တောင်သူလယ်သမားများအဖို့ ချေးငွေကိုပဲမျှော်ရသည်။ အစိုးရက စိုက်ပျိုးစရိတ်များ ထုတ်ပေးနေသည်မှာ ကြာပါပြီ။ ယခင်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေဖို့အတွက် မြို့ပေါ်ကိုတက်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ တန်းစီစောင့်ဆိုင်းထုတ်ယူရသည်မှာ အလုပ်တစ်ခုဖြစ်သည်။ ရွာနှင့် မြို့ကလည်း အတော်အလှမ်းဝေးလို့ ယခုလိုကာလ ချေးငွေထုတ်ပြီး ရွာအပြန်လမ်းမှာ စိုးတရွံ့ရွံ့နှင့် သတိထားပြန်ကြရသည်။ မသမာသူများ၏ လှုပ်ရှား မှု ခံရသူရှိဖူးသည်ဟု ကြားဖူးသည်။ မြို့ပေါ်တက် တော့ ဟိုဟာဒီဟာ ဝယ်ချင်၊ ဝယ်မိလျှင် လယ်ယာ အရင်းအနှီးက ပွန်းပဲ့သွားတတ်သည်။ ယခုတော့ အခွင့်အလမ်းကောင်းတစ်ခု ပေါ်ထွက်လာခဲ့သည်။ ချေးငွေတစ်ဝက်ကို မြို့ပေါ်တက်ထုတ်ပြီး ကျန် ချေးငွေကို ရွာရှိ တောင်သူလက်ဝယ်အရောက် မဆိုင်းမတွ ရောက်လာတော့မည်။ တောင်သူ လယ်သမားများ အဆင်ပြေတော့မည်။

ချေးငွေလက်ဝယ်ရောက်၍ လယ်ယာလုပ်ငန်း များကို ချက်ချင်းစနိုင်တော့မည်။ အလျဉ်းသင့်သည့် အချိန် မြို့ပေါ်တက်ပြီး ကျန်ငွေကို ထုတ်ယူရန်သာ ရှိတော့သည်။ စီစဉ်ပေးသည့် အစိုးရမင်းများနှင့် ဆောင်ရွက်ပေးသည့် သက်ဆိုင်ရာ တာဝန်ရှိသူများ အား ကျေးဇူးတင်မိသည်။ ကျွန်တော်တို့ရွာမှာ ပညာအခြေခံရှိပြီး ဗဟုသုတရှိသည့် မောင်ငြိမ်းမောင် က “အဲဒါ တောင်သူလယ်သမားတွေအတွက် အစိုးရ သစ်က အထူးအစီအစဉ်ကို ချက်ချင်းဖော်ဆောင် လိုက်တာမို့ ဝမ်းသာစရာပဲ ဘကြီးဖေ”ဟု ပြောပြ သည်။ “ဘကြီး အသေးစိတ်သိချင်ရင် ဒီသတင်းစာ ကို ဖတ်ကြည့်ပါ”ဟု သတင်းစာဖြတ်ပိုင်းလေးတစ်ခု ကို ထုတ်ပြသည်။

မေလ ၉ ရက်နေ့ထုတ်မြန်မာ့အလင်းသတင်းစာ မှာ “တောင်သူလယ်သမား ဦးကြီးများသို့ အသိပေး ကြေညာချက်”ဟု ဖော်ပြထားသည်။ “ပြည်ထောင်စု အစိုးရအဖွဲ့သစ်အနေဖြင့် ဦးစားပေးဆောင်ရွက် ရမည့် ကိစ္စရပ်များတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနက တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ် ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ် နှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများထုတ်ချေး မည့် အစီအစဉ်တို့ကို တောင်သူလယ်သမား ဦးကြီး များသို့ အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် မိုးရာသီချေးငွေကာလမှ စတင်၍ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့် ထုတ်ချေးမည်ဖြစ်ရာ သီးနှံအမျိုးအစားအလိုက် တိုးမြှင့်ထုတ်ချေးမည့်နှုန်းထား၊ ချေးငွေထုတ်ချေး မည့် အတိုးနှုန်း၊ စတင်ထုတ်ချေးမည့် ကာလ သတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ဖော်ပြ ထားသည်ကို ဘကြီး ဦးဘဖေက အသေးစိတ် စိတ်ဝင်စားစား ဖတ်ရှုလေသည်။

> **“အစိုးရက ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေထုတ်ချေးရန် စီမံခဲ့ရာတွင် ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း များနှင့် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်ပေးနိုင်ရန်အတွက် ပြည်တွင်း ပုဂ္ဂလိကဘဏ်ကြီးများအနက် ကမ္ဘောဇာဏ်က ပထမဆုံးပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် လက်ခံရရှိ မည့် E-money ၅၀ ရာခိုင်နှုန်းကို လက်တွေ့အသုံးချနိုင်ရန်အတွက် ကမ္ဘောဇာဏ်၏ ဝန်ဆောင်မှုကွန်ရက်များမှတစ်ဆင့် ငွေသားပြန်ထုတ် ယူပြီး တိုက်ရိုက်အသုံးပြုကာ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများပါ အလွယ်တကူဝယ်ယူနိုင်ရန် စီစဉ်ထား”**

“ဟန်ကျလိုက်တာ မောင်ငြိမ်းမောင်ရာ၊ ဘကြီး လည်း အခုမှ သိရတော့တယ်။ ငါတို့ စပါးစိုက် တောင်သူတွေအတွက် ချေးငွေကို နှစ်ဆတိုးတောင် တိုးပေးထားတယ်ကွ”

မောင်ငြိမ်းမောင်က “ဒါတင်ဘယ်ကမလဲ၊ ဂျူး ချည်မျှင်ရှည်ဝါ၊ အခြားသီးနှံ ၁၈ မျိုး၊ ပန်းနမ်း၊ ဆီမုန်ညင်းနဲ့ ဂုန်လျှော်အတွက် ချေးငွေတွေ တိုးပေးထားပါတယ်။ အခု အစိုးရသစ်လက်ထက် မှာ ယခင်နဲ့ မတူတာတွေကိုလည်း သေသေချာချာလေ့လာ ကြည့်ဦး”ဟု ပြောသည်။ စိုက်ပျိုးစရိတ်ချေးငွေများ ကို သီးနှံအမျိုးအစားလိုက် အချိုးအစားအမျိုးမျိုး တိုးပေးထားပြီး မိုးချေးငွေကို ယခုမေလမှ စက်တင် ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်သည်။ ဆောင်းချေးငွေကို ၂၀၂၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၇ ခုနှစ် ဧန်နဝါရီလအကုန်အထိ ထုတ်ချေး ပေးမည်ဖြစ်ပြီး နွေးကိုမိုးကြိုချေးငွေကို ၂၀၂၇ ခုနှစ် ဧန်နဝါရီလမှ မတ်လအကုန်အထိ ထုတ်ချေးပေး မည်ဖြစ်သည်။ ဆိုလိုသည်မှာ ဆယ့်နှစ်လရာသီ ကာလပတ်လုံး ထုတ်ချေးပေးထားခြင်းဖြစ်သည်။

စိုက်ပျိုးစရိတ်ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းမှာလည်း အလွန်သက်သာနေသည်။ တစ်နှစ်ပတ်လုံးမှ အတိုး ငါးရာခိုင်နှုန်းဖြစ်သည်။ ချေးငွေလျှောက်ထားလိုသူများက လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ– ၇) မူရင်းကို အပေါင် အဖြစ် ပေးအပ်ရမည်ဖြစ်သည်။ ကျွန်တော်က “သိပ်ပာနိကျတယ် ဘကြီးဖေရေ။ အရင်က လယ်ယာလုပ်ငန်းခွင်ဝင်ဖို့ ထွန်စက်နဲ့ လယ်ယာသုံး စက်ကိရိယာတွေ ငှားရတဲ့စရိတ်က မနည်းဘူး။ ကျွန်တော်ငှားလာသမျှ စရိတ်တွေကို ပေါင်းလိုက် ရင် ထွန်စက်တစ်စီးဖိုးလောက်ရှိတယ်။ အခု လယ်ယာသုံးစက်ကိရိယာတွေဝယ်ယူဖို့ နိုင်ငံတော် က ချေးငွေအစီအစဉ်တွေ ဖန်တီးပေးလာတော့ စက်ပိုင်ဖြစ်အောင် ကျွန်တော်ကြိုးစားလိုက်ဦးမယ်” ဟု အားရပမ်းသာပြောသည်။

ချေးငွေပမာဏမှာ ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍ၊ ကျပ်သိန်း ၃၀၀၁ မှ ကျပ် သိန်း ၅၀၀၀ အထိ တစ်ကဏ္ဍဖြစ်သည်။ လယ်ယာ သုံး စက်ကိရိယာချေးငွေအတွက် အတိုးနှုန်းမှာ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းဖြစ်ပြီး နှစ်ချင်းဆပ် တစ်နှစ်၊ နှစ်တို သုံးနှစ်၊ နှစ်ရှည်ငါးနှစ်ဖြစ်သည်။ တောင်သူလယ်သမားများအားလုံး၊ လယ်ယာ ကုန်ထုတ်လုပ်ငန်းရှင်များအားလုံး လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ– ၇)မြေ၊ ဘိုးဘိုင်မြေ၊ ဂရန်မြေနှင့် ယင်းမြေပေါ်တွင်ရှိသည့် အဆောက် အအုံများ၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးယာဉ်များ၊ အခြားပုံသေရပိုင်ခွင့်များ စသည်ဖြင့် အာမခံများ လုံလောက်ပါက စက်ကိရိယာတစ်မျိုးထက် ပိုမို ဝယ်ယူနိုင်သည်။ တောင်သူလယ်သမားများနှင့် သမဝါယမအသင်းများအား ဦးစားပေးထုတ်ချေး မည်ဖြစ်ပြီး မေလမှစတင်၍ စတင်လျှောက်ထား ချေးယူနိုင်သည်ဟု အသိပေးထားသည်။

မြန်မာ့စီးပွားရေး၏ အဓိကကဏ္ဍဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝမြှင့်တင် နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန် ချက်များနှင့်အညီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB)က စိုက်ပျိုးစရိတ်ချေးငွေများကို စနစ်သစ် တစ်ရပ်အနေဖြင့် စတင်ထုတ်ချေးပေးနေသည်ကို သိရှိရပြီဖြစ်သည်။

ဘကြီးက “ချေးငွေ လျှောက်ထားရမယ့် နည်းလမ်းနဲ့ လျှောက်ထားနိုင်တဲ့ ကိစ္စတွေကိုတော့ သိပါပြီ။ ချေးငွေထုတ်ယူပုံနည်းလေးကိုလည်း ရှင်းပြပေးပါဦး”ဟု မောင်ငြိမ်းမောင်ကို ထပ်မံ မေးကြည့်ရာ “အခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် အတွင်း ထုတ်ချေးပေးမယ့် မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေတွေကို တောင်သူတွေဆီ ပေးအပ်ရာမှာ ယခင်နှစ်ကလို ငွေသားသက်သက်မဟုတ်ဘဲ စနစ် သစ်အနေနဲ့ ငွေသား ၅၀ ရာခိုင်နှုန်းနဲ့ အီလက်ထရောနစ် ငွေကြေး (E–money) ၅၀ ရာခိုင်နှုန်းခွဲဝေပြီး အချိုးကျထုတ်ချေးပေးသွားမှာ”ဟု ရှင်းပြသည်။ “အီလက်ထရောနစ်ငွေကြေးဆိုတာ ဘာကိုပြောတာ လဲကွ။ ငါက ရှေးလူကြီးဆိုတော့ နားမလည်လို့ ရှင်းပြပေးပါဦး”

“အီလက်ထရောနစ်ငွေကြေးဆိုတာ လွယ်လွယ် ကူကူပြောရရင် ဒီဂျစ်တယ်နည်းပညာနဲ့ ဘဏ် တွေနဲ့ ချိတ်ဆက်ပြီး လက်ကိုင်ဖုန်းတွေကတစ်ဆင့် ငွေထုတ်ယူတဲ့စနစ်ကိုပြောတာ ဘကြီးရ။ အခု လူတွေကြားမှာ Kpay ဆိုတာကို ဘကြီး ကြားဖူး မှာပေါ့။ အဲဒီစနစ်နဲ့ ငွေထုတ်ယူတာကို ပြောတာ ဘကြီး။ ဘကြီးမလုပ်တတ်ရင် ဘဏ်က ဝန်ထမ်း တွေ ရွာကို လာလုပ်ပေးလိမ့်မယ်”ဟု ရှင်းပြရာ ဘကြီးမှာ အတော်ကျေနပ် သဘောကျသွားပုံရ သည်။ ယခုအခါ အဆိုပါလုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့စေရန်အတွက် ကမ္ဘောဇာဏ်နှင့် KBZPay ဝန်ထမ်းများက ကျေးရွာများအထိ ကိုယ်တိုင် ကွင်းဆင်းပြီး နည်းပညာနှင့် အသားမကျသေးသည့် တောင်သူဦးကြီးများနှင့် ဒေသခံအေးဂျင့်များအား ဒီဂျစ်တယ်နည်းပညာ အသုံးပြုပုံသင်တန်းများနှင့် အသိပညာပေးဆွေးနွေးပွဲများကို ဆောင်ရွက်ပေး နေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းစဉ်ကို ကနဦးစမ်းသပ်ကာလ (Pilot Project)အဖြစ် ခရိုင်နှင့် မြို့နယ် ၁၆ ခုတွင် မြေပြင်ကွင်းဆင်း အကောင်အထည်ဖော်လျက်ရှိပြီး ယခုစမ်းသပ်ကာလအတွင်း တောင်သူလယ်သမား ၈၀၀၀၀ ကျော်အား လယ်တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် အများဆုံးချေးငွေကျပ်သိန်း ၃၀ အထိ ခွဲဝေထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဤသို့ အစိုးရက ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေ ထုတ်ချေးရန်စီမံခဲ့ရာတွင် ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း များနှင့် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်ပေးနိုင်ရန် အတွက် ပြည်တွင်းပုဂ္ဂလိကဘဏ်ကြီးများအနက် ကမ္ဘောဇာဏ်က ပထမဆုံး ပူးပေါင်းပါဝင်ဆောင် ရွက်ခြင်းဖြစ်သည်။ တောင်သူလယ်သမားများအနေ ဖြင့် လက်ခံရရှိမည့် E-money ၅၀ ရာခိုင်နှုန်းကို လက်တွေ့အသုံးချနိုင်ရန်အတွက် ကမ္ဘောဇာဏ်၏ ဝန်ဆောင်မှုကွန်ရက်များမှတစ်ဆင့် ငွေသား ပြန်ထုတ်ယူပြီး တိုက်ရိုက်အသုံးပြုကာ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများပါ အလွယ်တကူဝယ်ယူ နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေး ပေးသောချေးငွေများကို ငွေသား ၅၀ ရာခိုင်နှုန်းနှင့် KBZPay ၅၀ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်ပြီး ကနဦးစမ်းသပ်ကာလအဖြစ် နေပြည်တော်တွင် လယ်ဝေးနှင့် ပုဗ္ဗသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသ ကြီးတွင် မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦးမြို့နယ်များ၊ မွန်ပြည်နယ်တွင် မော်လမြိုင်နှင့် သထုံမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် သန်လျင်နှင့် ထန်းတပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟသ်တ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ လပွတ္တာမြို့နယ်တို့တွင် ကနဦး စတင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ ကျန်ရှိသော နိုင်ငံတစ်ဝန်းရှိ မြို့နယ်များကိုလည်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။

နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၊ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာ ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ထုတ်လုပ်နိုင်ပြီး လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ (Agro–based Industry) တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ် ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေရယူလိုသော တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်း ရှင်များအနေဖြင့် နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ များသို့ အမြန်ဆုံး ဆက်သွယ်ချေးယူနိုင်ကြစေရန် အသိပေးအပ်ပါကြောင်း။ ။

မောင်ငြိမ်းအေး

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Mr. Barnaby Jones နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံစဉ် UNHCR ဝန်ထမ်းများ ပြည်တွင်းခရီးသွားလာမှုနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဒေသအာဏာပိုင်များသို့ အသိပေးဆောင်ရွက်နိုင်ရေးနှင့် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသည့် NGO ၊ INGO များဖြင့်သာ ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ UNHCR အနေဖြင့် သတင်းအချက်အလက်များ ထုတ်ပြန်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ အတည်ပြုထုတ်ပြန်ထားသည့် အချက်အလက်များ အသုံးပြုဆောင်ရွက်နိုင်ရေး၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်လှစ်

ရန်ကုန် ဇွန် ၅

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ၂၀၂၆–၂၀၂၇ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိပြည်ထောင်စု ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ တောင်ကြီးနှင့် လွိုင်ကော် အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းခြောက်ကျောင်းအတွက် ကျောင်း တစ်ကျောင်းလျှင် ငွေကျပ် သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၆၀၀၊ Golden Park SPA Land and Hotel က ငွေကျပ် ၁၁၁ သိန်းနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်က လှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၁၂၁ သိန်း၊ မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်က အလှူငွေကျပ် သိန်း ၁၀၀၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ငွေကျပ်သိန်း ၁၀၀၊ ES4E ကိုယ်ပိုင် အထက်တန်းကျောင်းက ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ အလှူရှင်များက အားကစားနှင့် ကာယပညာ ကျောင်းအကျိုးတော်ဆောင်ရန်ပုံ ငွေသို့ စုစုပေါင်းငွေကျပ် ၁၁၉၄ သိန်း ၅ သောင်းနှင့် သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ ဗိုဗီနမ်ဝတ်စုံ ၁၂ စုံ၊ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ခဲသားဘောပင်နှင့် ခဲသား၁၆၀၀ တို့ကိုပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အားကစားနှင့် ကာယပညာ သိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ရှုချူးအားကစားနည်းဖြင့် သရုပ်ပြ ဖျော်ဖြေကြသည်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းထားမှု ကြည့်ရှုစစ်ဆေး

ပုဂံ ဇွန် ၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်ကို ဖူးမြော်ကြည်ညိုပြီး ရွှေစည်းခုံစေတီတော် တောင်ဘက်စောင်းတန်း (မေတ္တာစောင်းတန်း)၊ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ဘုရင့်နောင် မင်းတရားကြီး လှူဒါန်းထားသည့် ခေါင်းလောင်းနှင့် ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိ မွန်ကျောက်စာများ ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ်ဈေးဆိုင်များ စနစ်တကျနေရာချထားရန်၊ ပြုပြင် ထိန်းသိမ်းမှုများကို ရေးမူမပျက် ဆောင်ရွက်ရန်၊ ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိ မွန်ကျောက်စာကို မြန်မာဘာသာဖြင့် အနက်အဓိပ္ပာယ်ပြန်ဆိုမှုများကိုပါ ပြသသွားရန် မှာကြားသည်။

ထို့နောက် ရွာဟောင်းကြီး ရေကန်တူးဖော်ထားမှု၊ Buddhist Complex တူးဖော်ဆောင်ရွက်ခဲ့မှု၊ ရွှေနန်းရင်တော်ကန်–၁ ရေကန် ဆယ်ယူထိန်းသိမ်းထားမှု၊ ဓမ္မရံကြီးဂူဘုရားနှင့် စူဠာမဏိဂူဘုရား ပြုပြင်ထိန်းသိမ်းထားမှု၊ ဖိုးသူတော်ကန်နှင့် ညောင်လက်ဖက်ကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှေးဟောင်း အဆောက်အအုံများနှင့် ဝန်းကျင်တွင် ရေကြီး၊ ရေလျှံ၊ ရေဝပ်မှုများ မဖြစ်စေရေး ကြိုတင်စစ်ဆေး ဆောင်ရွက်ရန်၊ ဓမ္မရံကြီးနှင့် စူဠာမဏိဂူဘုရားများ၏ တံတိုင်း အတွင်းတွင် ရေမဝပ်အောင် ရှေးဟောင်းရေထွက်ပေါက်များမှ ရေထွက်နိုင်ရေး စစ်ဆေးဆောင် ရွက်ရန်၊ ဘုရားများ၏အပေါ် ပေါင်းမိုးများမှ အုတ်အချို့ ဆွေးမြည့်နေမှုနှင့် အက်ကြောင်း များ အစားထိုးဖာထေးပြုပြင် ထိန်းသိမ်းရန်၊ ရှေးဟောင်းဘုရား များနှင့်ပတ်သက်၍ ပြည်သူများ နှင့် ပြည်ပခရီးသွားများ လေ့လာ နိုင်ရန် ရှင်းလင်းချက်ဘုတ် များ၊ လမ်းညွှန်ဆိုင်းဘုတ်များ ဖြည့်စွက်ပြုပြင်ထားရန် မှာကြား ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘားအံ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ဘားအံ ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဇွကပင်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာ စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တက်ရောက်လာကြသူ များက (၆)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက် မပြတ်ဖွဲ့ဖြိုးသော မြို့ကြီးများဆု၊ အသန့်ရှင်းဆုံး ခရီးစဉ်ဒေသဆု၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် စာစီ စာကုံးပြိုင်ပွဲ၊ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ စာစီစာကုံးပြိုင်ပွဲ၊ အခြေခံပညာ

အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ပတ်ဝန်းကျင် စိမ်ခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများ၊ အခမ်း အနားဖြစ်မြောက်ရေး ဝိုင်းဝန်း ကူညီပေးကြသူများကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် ခဲ့သည်။ စောမျိုးမင်းသိန်း

ကျေးရွာသစ်တောထင်းမျောအိမ်တိုင်လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့။

ပုသိမ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ပုသိမ် ဇွန် ၅

၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု ကောင်းမွန်သော စက်ရုံဆု၊ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း အထူးဆု-၁၊ တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော မြို့ဆုနှင့် ကျေးရွာဆု၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း (Primary Level) ဆုရ ကျောင်းများ၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်း (Secondary Level) ဆုရ ကျောင်းများ၊ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ကာ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်
ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ

မြစ်ကြီးနား ဇွန် ၅

ပြည်ထောင်စု ရွှေကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (ကချင် ပြည်နယ်တာဝန်ခံ) ဦးခင်ဇော်သည် ယနေ့နံနက်ပိုင်းက ပြည်နယ်/ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များကို ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွှေကောက်ပွဲကော်မရှင်အဖွဲ့ဝင်က အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲအရာရှိက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးက လူဦးရေစာရင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) သင်တန်းဖွင့်လှစ်သင်ကြားနေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်း ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၅

၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ် ဓာတ်အားလိုင်းသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ခရိုင်၊ မြို့ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး ကျိုင်းတုံမြို့နယ် မိုင်းလုကျေးရွာအနီး တာဝါတိုင် အမှတ် (၁၃၀၊ ၁၁၂၊ ၁၈၆၊ ၁၇၁၊ ၁၅၅) စုစုပေါင်း ငါးတိုင်တွင် ကြေသီးများကွဲနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါကြေသီးကွဲများကို ကြေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကြေသီးတွဲအသစ် လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဓာတ်အားပြတ်တောက်မှုလျော့နည်းပြီး ဓာတ်အားပို့လွှတ်သည့် ခွဲရုံသုံးစွဲသူများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ကြေသီးတွဲအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်တွင် ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း မိုင်းခုတ်မြို့နှင့် မိုင်းဆတ်မြို့များတွင် ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူများကို ကြိုတင်အသိပေး အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

၃၃ ကေဗွီ တပ်ကုန်းဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် ဇွန် ၇ ရက်တွင် ၃၃ ကေဗွီ တပ်ကုန်းဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအား ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကိုကြိုတင်အသိပေးထားပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့ ၆၆/၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ် (၃) ဓာတ်အားခွဲရုံအတွင်း လိုအပ်သော ထိန်း/ပြင်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့ပေါ် ဧရိယာများသို့ ဓာတ်အားပို့ဖြန့်ဖြူးပေးနိုင်ရန်၊ ဖို့အားကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဓာတ်အား လိုင်းများ ကြိုခိုင်ကောင်းမွန်စေရေးတို့အတွက် ၆၆ / ၁၁ ကေဗွီ (၂၀) အမ်ဗွီအေ တောင်ကြီးအမှတ် (၃) ဓာတ်အားခွဲရုံ၏ ၆၆ ကေဗွီ Switch Yard အတွင်းရှိ ဓာတ်အားလက်ခံစက်ပစ္စည်းများနှင့် ထရန်စဖော်မာချိတ်ဆက်မည့်ပစ္စည်းများ ကြိုခိုင်မှုစစ်ဆေးခြင်းနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်းရှိ ဓာတ်အားလွှတ်စက်ပစ္စည်းများကို လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် ဇွန် ၇ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ ဓာတ်အားပိတ်လုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း တောင်ကြီးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးအချို့အပါအဝင် မြို့ပေါ်ရပ်ကွက်များရှိ မီးသုံးသူ ၁၉၃၄၈ ဦးတို့ ယာယီဓာတ်အားပြတ်တောက် နေမည်ဖြစ်ပါသဖြင့် ဓာတ်အားပိတ်ဧရိယာများရှိ သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ အများပြည်သူများကို ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဇီဝနည်းပညာသုတေသနဌာန ကြည့်ရှုစစ်ဆေး လက်တွေ့အသုံးချသုတေသနများဖြစ်လာရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၅

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းသည် ယနေ့တွင် ကျောက်ဆည်မြို့ရှိ ဇီဝနည်းပညာသုတေသန ဦးစီးဌာနသို့ ရောက်ရှိပြီး သုတေသနလုပ်ငန်းများအား ဒေသတွင်း ကုန်ထုတ်လုပ်မှု MSMEs လုပ်ငန်းများနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝကို တိုက်ရိုက်အကျိုးပြုသည့် လက်တွေ့အသုံးချ သုတေသန (Applied Research)များ ဖြစ်လာစေရေး အလေးထားဆောင်ရွက်ရန်နှင့် သုတေသနရလဒ်များကို နည်းပညာ လွှဲပြောင်းပေးခြင်း၊ လက်တွေ့ အသုံးချခြင်းတို့ဖြင့် Innovation Ecosystem ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အတူ ဇွန် ၄ ရက်တွင် မော်တော်ယာဉ်နည်းပညာသုတေသနဌာနသို့ သွားရောက်၍

လျှပ်စစ်သုံးမော်တော်ယာဉ် (EV) နည်းပညာနှင့် မွေးမြူရေးကဏ္ဍ IoT နည်းပညာအသုံးချ သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ AI နည်းပညာကို သင်ယူရေးနှင့် နည်းပညာလုပ်ငန်းများတွင် အထောက်အကူပြုကိရိယာအဖြစ် မှန်ကန်စွာအသုံးချပြီး မိမိတို့၏ အသိပညာနှင့် ဆန်းသစ် တီထွင်နိုင်စွမ်းများကို စဉ်ဆက်မပြတ် မြှင့်တင်ကြရန် မှာကြားသည်။

ဇွန် ၃ ရက်တွင် ပြင်ဦးလွင်မြို့ရှိ နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး) သို့ သွားရောက်၍ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းထားရှိမှု အခြေအနေများ၊ လက်တွေ့ခန်းများနှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပူတာအိုမြို့သို့ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများအား မြစ်ကြီးနားမြို့မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့်ပို့ဆောင်

နေပြည်တော် ဇွန် ၅

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ဝေးလံခေါင်ဖျားပြီး သွားလာရေးခက်ခဲသော ဒေသများသို့ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဌာနဆိုင်ရာအတွက် လိုအပ်သော ရုံးသုံးပစ္စည်းများ၊ ပြည်သူလူထု၏ စားသောက်ရေးအဆင်ပြေစေရန်အတွက် လိုအပ်သော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ပညာရေးကဏ္ဍဖြင့်တင်ရန်အတွက် လိုအပ်သောကျောင်းသုံးပစ္စည်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောဆေးဝါးနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်း တွင်လည်း ပူတာအိုမြို့သို့ ပို့ဆောင်ရန် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်ထားသော ပညာရေးကဏ္ဍဖြင့်တင်ရန်အတွက် ကျောင်းသုံးစာအုပ်များ၊ ပညာသင်ထောက်ပံ့ပစ္စည်းများနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများအား တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက တပ်မတော်လေယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဌာနဆိုင်ရာလုပ်ငန်းသုံးပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမှ ပူတာအိုသို့ နှစ်ကြိမ် ပို့ဆောင်ပေးခဲ့ပြီး ပူတာအိုမြို့သို့ ရောက်ရှိလာသော ၎င်းပစ္စည်းများအား တာဝန်ရှိသူများက လက်ခံရယူ၍ သက်ဆိုင်ရာဌာနများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်၍ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

မုံရွာ ဇွန် ၅

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးက ကြယ်ပွင့်ပြမေးခွန်းခုနစ်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ချုပ် ဦးဇော်ထူးနှင့် တိုင်းဒေသကြီး ဝန်ကြီးတို့က ပြန်လည်ဖြေကြားကြပြီး မုံရွာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဒေါ်ကြူကြူစိန်၏ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို ကို တင်သွင်းရာ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးတင်ဝင်းက ထောက်ခံဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

လွိုင်ကော် ဇွန် ၅

တတိယအကြိမ် ကယားပြည်နယ် လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးမော်ရယ်က အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်ဖြင့် အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။ ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တတိယအကြိမ် ကယားပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းသည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းသည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်သည်။

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက် ခြောက်လမှသုံးနှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အသက် သုံးနှစ်မပြည့်မီ အရွယ်သည် ဦးနှောက်ဖွံ့ဖြိုးမှု အလျင်မြန်ဆုံးနှင့် အားအကောင်းဆုံးကာလ ဖြစ်သောကြောင့် ကျန်းမာရေးနှင့် အာဟာရ၊ ချစ်ခြင်း မေတ္တာ၊ မှန်ကန်သောပြုစုစောင့်ရှောက်မှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်တို့ ရရှိစေရေး အလေးပေး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းသူများ ပြုလုပ်ထားသော ကလေးဖွံ့ဖြိုးမှုဆိုင်ရာ သင်ထောက်ကူများနှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းကို ၂၀၂၆ ခုနှစ် မေ ၄ ရက်မှ ဇွန် ၅ ရက်အထိ နေပြည်တော် ရင်သွေးရတနာမူလတန်းကြို့ကျောင်းတွင် ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာန ၂၀ မှ သင်တန်းသူ ၄၂ ဦး တက် ရောက် ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လွိုင်ကော်မြို့၌ ခြင်ကျား၊ လောက်လမ်းကင်းစင်ကျောင်း စံနမူနာအဖြစ်ဆောင်ရွက်

လွိုင်ကော် ဇွန် ၅

ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ခြင်ကျား၊ လောက်လမ်းကင်းစင်ကျောင်းစံနမူနာအဖြစ် ဆောင်ရွက်ခြင်းကို ယနေ့နံနက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းမှ အမှုဆောင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းသုံးရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

အစ္စရေး-လက်ဘနွန် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအသစ်ကို ကုလအကြီးအကဲကြိုဆို

ကျိုက်ဗာ ဇွန် ၅

အစ္စရေးနှင့်လက်ဘနွန်တို့မှ ကိုယ်စားလှယ်များပါဝင်သော စတုဇွအကြိမ်မြောက် သုံးနိုင်ငံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးအပြီးတွင် ကြေညာခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအသစ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကြိုဆိုကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ဇွန် ၄ ရက်တွင် ပြောသည်။

နှစ်ဖက်စလုံး၌ လူမှုအသိုင်းအဝိုင်းများ ခံစားနေရသည့် ဒုက္ခများလျော့ပါးသက်သာစေရေးနှင့် ပဋိပက္ခများ အဆုံးသတ်စေရေး ကြိုးပမ်းအားထုတ်မှုအားလုံးကို ကုလသမဂ္ဂ အနေဖြင့် ဆက်လက်ထောက်ခံကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။ တိုက်ပွဲများ အားလုံးရပ်နားရန်အချက်ကို နှစ်ဖက်စလုံးမှ အပြည့်အဝလိုက်နာရန်၊ နောက်ထပ်

မည်သည့် တိုက်ခိုက်မှုမျိုးကိုမျှမပြုလုပ်ရန် နိုင်ငံတကာ ဥပဒေအောက်ရှိ တာဝန်ဝတ္တရားများကို နှစ်ဖက်စလုံးမှ လိုက်နာရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နိုင်မည်ဟု မျှော်မှန်းထားပြီး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုသည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ဖော်ဆောင်ပေးနိုင်မည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မျှော်လင့်ကြောင်း ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဆင်ဟွာ

ဗီယက်နမ်တောင်ပိုင်း၌ ၂၀၂၆-၂၀၃၀ ကာလအတွင်း အလုပ်အကိုင်အသစ် ကိုးသိန်းဖန်တီးရန် ရည်မှန်း

ဟနွိုင်း ဇွန် ၅

ဗီယက်နမ်နိုင်ငံတောင်ပိုင်း၏ စီးပွားရေးဗဟိုချက်ဖြစ်သော ဟိုချီမင်းမြို့၌ ၂၀၂၆ ခုနှစ်အတွင်း အလုပ်အကိုင်အသစ် ၁၈၀၀၀၀ ဖန်တီးပေးရန် နှင့် ၂၀၂၆-၂၀၃၀ ကာလအတွင်း အလုပ်အကိုင်အသစ် စုစုပေါင်း ကိုးသိန်း ဖန်တီးရန် ရည်မှန်းချက်ချမှတ်ထားကြောင်း ပြည်တွင်း မီဒီယာများက ဇွန် ၅ ရက်တွင် ဖော်ပြခဲ့သည်။

အလုပ်သမား၊နှင့် အလုပ်အကိုင်ရေးရာ မဟာဗျူဟာ အကောင်အထည်ဖော်ရေး အစီအစဉ်အရ ဟိုချီမင်းမြို့သည် နှစ်စဉ် အလုပ်လက်မဲ့နှုန်းကို ၄ ရာခိုင်နှုန်းအောက်တွင် ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်ထားပြီး ကျွမ်းကျင်လုပ်သား ပါဝင်မှုနှုန်းကို ၂၀၂၆ ခုနှစ်တွင် ၈၇ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၈၉ ရာခိုင်နှုန်းအထိ မြှင့်တင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးအာမခံ အကျုံးဝင်မှုနှုန်းကို ၂၀၂၆ ခုနှစ်တွင် မြို့တော်လူဦးရေ၏ ၉၆ ရာခိုင်နှုန်းထက်မနည်း ရရှိစေရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် လူထိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ် တည်ဆောက်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ ဆင်ဟွာ

ဇဝရက်တောင်ပေါ်၌ ရေနှင့်အစာပြတ်လပ်၍ တစ်ပတ်ကြာပျောက်ဆုံးနေသူကို အသက်ရှင်လျက်ပြန်လည်တွေ့ရှိ

ခတ္တမန္နူ ဇွန် ၅

ဇဝရက်တောင်ပေါ်တွင် အစားအသောက်နှင့် ရေလုံးဝမရှိဘဲ အောက်ဆီဂျင်လည်း လုံးဝနီးပါး မရရှိသည့် အခြေအနေဖြင့် သီတင်းပတ်တစ်ပတ်ခန့် ရှင်သန်နေထိုင်ခဲ့သည့် နီပေါနိုင်ငံသား တောင်တက်လမ်းပြ ဒါပါရှာပါးကို အသက်ရှင်လျက် ပြန်လည်တွေ့ရှိခဲ့သည်။

အသက် ၅၀ ကျော်အရွယ်ရှိ တောင်တက်လမ်းပြ ဒါပါရှာပါးကို ဇွန် ၄ ရက် နံနက်ပိုင်းက ဇဝရက်တောင်၏ နှင်းဖုံးလွှမ်းနေသော တောင်စောင်းများမှ တောင်တက်သမားများ၏ အခြေစိုက်စခန်းဆီသို့ တွားသွားနေသည့် အခြေအနေဖြင့် အသက်ရှင်လျက် တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းကို ၎င်း၏ ဖောက်သည်ပို့လန်နိုင်ငံသား တောင်တက်သမားတစ်ဦးနှင့် တောင်ပေါ်မှ ပြန်ဆင်းလာချိန် မေ ၂၉ ရက်က နောက်ဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဒါဝါ ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်း၏ ဖောက်သည်မှာ ၎င်းမပါဘဲ တောင်ခြေစခန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းသည် ၎င်းကို မြို့တော်ခတ္တမန္နုရှိ ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့သည်။ ၎င်းဆေးရုံ၌ မိသားစုဝင်များက စောင့်ဆိုင်းလျက်ရှိသည်။ မိသားစုဝင်များက ၎င်းကိုအသက်ရှင်လျက်ပြန်လည် တွေ့ရှိရန် မျှော်လင့်ချက် မထား တော့ဘဲ ဈာပနပုလင်း စတင်ကျင်းပ နေပြီဖြစ်သည်။

၎င်း၏သမီးဖြစ်သူ မနဲ့ဒိုလာမူရှာပါးက သူ့ဖခင်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း သတင်းဖော်ပြချက်ကိုပင် ကနဦးတွင် ယုံမှားသံသယဖြစ်ခဲ့ပြီး ဓာတ်ပုံများတောင်းယူခဲ့ကာ ဓာတ်ပုံများ တွေ့ရှိပြီးနောက်မှသာ ယုံကြည်ခဲ့သည်။

ယခုနှစ် ကမ္ဘာ့အမြင့်ဆုံး ဇဝရက်တောင်၏ တောင်တက်ရာသီတွင် တောင်တက်သမားများနှင့် ၎င်းတို့ ငှားယူထားသော တောင်တက် လမ်းပြ ၁၀၀၀ ကျော် ဇဝရက်တောင်ထွတ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး ငါးဦးသေဆုံးခဲ့သည်။

ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြင်းထန်သည့် အပူလှိုင်းကြောင့် လေးဦးသေဆုံး

ဒါကာ ဇွန် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒေသအတော်များများတွင် ပြင်းထန်သော အပူလှိုင်း ဆက်လက်တည်ရှိနေဦးမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသဌာနက ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။ ပြီးခဲ့သည့် လေးရက်တာကာလအတွင်း နိုင်ငံ၌ အပူဒဏ်ကြောင့် သေဆုံးသူ လေးဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

မြို့တော် ဒါကာအပါအဝင် နိုင်ငံအတွင်းရှိ ခရိုင်ရှစ်ခုအနက် ခြောက်ခုတွင် အပူလှိုင်းဒဏ် ဆက်လက်သက်ရောက်မည်ဟု ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ယခုလနှောင်းပိုင်းတွင် ပြင်းထန်သည့် အပူလှိုင်းသည် အလွန်ပြင်းထန်သော အပူလှိုင်း အဆင့်သို့ ရောက်ရှိနိုင်ပြီး နိုင်ငံ၏ အချို့ဒေသများတွင် အမြင့်ဆုံးအပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာန မုန်တိုင်း သတိပေးစင်တာမှ မိုးလေဝသပညာရှင် အဗ္ဗဒူ ဟာမစ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ဒါကာမြို့၏ အပူချိန်မှာ ဇွန် ၄ ရက်တွင် ၃၆ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့သည်။

မကြာသေးမီနှစ်များအတွင်း ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များဖြစ်သည့် ရေကြီးရေလျှံမှုများနှင့် အပူလှိုင်းများကဲ့သို့ သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလာခဲ့သည်။ ပုံမှန်မဟုတ်သည့် မိုးရွာသွန်းမှုများနှင့် အပူချိန်မြင့်တက်လာမှုများကြောင့် လာမည့်နှစ်များတွင် အပူလှိုင်းများ ပိုမိုပြင်းထန်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမငါးလအတွင်း ဆန်တင်ပို့မှုမှ ကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ဝင်ငွေရရှိ

ဖနွောင်ပင် ဇွန် ၅

၂၀၂၆ ခုနှစ် ပထမငါးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ဝင်ငွေရရှိခဲ့ကြောင်း နိုင်ငံ၏ ဆန်စပါးအသင်းချုပ်က ဇွန် ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းပမာဏမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းတိုးတက်လာခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ် ဧန်နဝါရီလမှ မေလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်တင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၅၆၈၉၁၂ တန်ရှိပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၅ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်သည်။ အဆိုပါ ကြိတ်ခွဲပြီးဆန်များကို နိုင်ငံပေါင်း ၆၃ နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့သည် ကမ္ဘောဒီးယားဆန်၏ အဓိကတင်သွင်းသူများဖြစ်ကြကြောင်း သိရသည်။ ဆင်ဟွာ

နယူးဒေလီမြို့ရှိ ဟိုတယ်တစ်လုံး၌ မီးလောင်မှုဖြစ်ပွား၊ နိုင်ငံခြားသား ၁၃ ဦး သေဆုံး

နယူးဒေလီ ဇွန် ၅

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဟိုတယ်တစ်လုံး၌ ဇွန် ၃ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ နိုင်ငံခြားသား ၁၃ ဦး သေဆုံးခဲ့သည်ဟု အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန် ၅ ရက်တွင် ပြောကြားခဲ့သည်။ မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသူ ၂၁ ဦး ရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူ နိုင်ငံခြားသားများအတွက် သက်ဆိုင်ရာသံရုံးများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး မိသားစုများနှင့် ချိတ်ဆက်ကူညီရန် ကြိုးစားနေသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

မီးလောင်မှုဖြစ်ပွားသည့် ဟိုတယ်သည် နယူးဒေလီ၏ ထိပ်တန်း ဆေးကုသစင်တာအနီးတွင်တည်ရှိသောကြောင့် ဟိုတယ်ရှိ ဧည့်သည် အများစုသည် အဆိုပါစင်တာ၌ ဆေးကုသမှုခံယူလျက်ရှိသူများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လိုင်စင်ခွင့်ပြုချက်အရ ဟိုတယ်တွင် အခန်းခြောက်ခန်းသာထားရှိရန် ခွင့်ပြုထားသော်လည်း မီးလောင်မှုဖြစ်ပွားချိန်တွင် ဟိုတယ်၌ အခန်း ၂၅ ခန်းအထိ ထားရှိကြောင်း သတင်းအချို့တွင်ဖော်ပြထားသည်။ ဆင်ဟွာ

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၅

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်လျက်ရှိကြောင်း သိရှိရသည်။

ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုနေရာပြမြေပုံ။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထား သည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

❑ *ကျောက်မှန်မှ*

ယုတ်မာရိုင်းစိုင်းစွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့နှစ်နှက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူးရုံးတွင် နိုင်ငံတော်အစိုးရ၏ လမင်းစိမ့်ချက်ဖြင့် အသက် (၁၈)နှစ် ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်း လုပ်ငန်းကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာတွင် အကြမ်းဖက်သောင်းကျန်းသူများက ယုတ်မာရိုင်းစိုင်းစွာ လက်လုပ်ချိန်ကိုက်ဗုံးဖြင့် မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း။ ချိန်ကိုက်ဗုံးပေါက်ကွဲမှုကြောင့် ရုံးဝင်းအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းခြောက်ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက် လုပ်ဆောင်သည့်အပြစ်မဲ့အရပ်သား ပြည်သူ ၁၃ ဦး စုစုပေါင်း ၁၉ ဦး တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ရုံးခန်းများနှင့် ရုံးသုံးစာရွက်စာတမ်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေ ပျက်စီးစေလိုသည့် ယုတ်မာသော ရည်ရွယ်ချက်ဖြင့် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် ပြည်သူများအပေါ် အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်အတွက် ပြည်သူလူထုက ပြင်းပြင်းထန်ထန်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး တာဝန်သိ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းစေ့ဆော်ထုတ်လျက် ရှိကြောင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်နယ်မြေ လုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

PDF အကြမ်းဖက်သမားများ၏ ချိန်ကိုက်ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို တွေ့ရစဉ်။

မဟာအောင်မြေမြို့နယ်၌ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများရရှိရေးအသိပညာမြှင့်တင်

မဟာအောင်မြေ ဇွန် ၅

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက် တမာကုန်းဓမ္မာရုံ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်အေးအေးမင်းနှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး (ကျန်းမာပညာ) တို့က ကျန်းမာသော လူနေမှုဘဝပုံစံများအကြောင်း ဟောပြောသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူ စုစုပေါင်း ၁၅၇ ဦးအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်စိုးနှင့်တာဝန်ရှိသူများက ဆေးစိမ်ခြင်ထောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

❑ *ကျောက်မှန်မှ*

ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ဒေသခံ ပြည်သူများအတွက် အခြားကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်၍ ကလေးမြို့မှ ထွက်ခွာလာသည့် မော်တော်ယာဉ်များသည် ဖလမ်းမြို့နှင့် ဟားခါးမြို့သို့ ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။

ဖလမ်းမြို့၊ ဟားခါးမြို့နှင့် ဒေသတစ်စိုက်ရှိ နိုင်ငံဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး ဇွန် ၄ ရက်တွင် ကလေးမြို့မှ တစ်ဆင့် ဖလမ်းမြို့နှင့် ဟားခါးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါလာပြီး ထောက်ပံ့ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များသည် ဇွန် ၄ ရက် ညပိုင်းတွင် ဖလမ်းမြို့သို့ လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့သို့လည်းကောင်း ရောက်ရှိကြရာ မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ တစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ကျောင်းသားလူငယ်များ၏ ပညာရေး၊ မြို့ရွာများပြန်လည်ထူထောင်ရေးနှင့် အခြားသော လိုအပ်ချက်များအတွက် အထောက်အကူဖြစ်မည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်လျက် ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ် မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ဖလမ်းမြို့သို့ ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရှိလာမှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

အမြင့်ဆုံး အပူချိန်မှာ ၄၉ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ်စ် (၁၂၁ ဒီဂရီ ဖာရင်ဟိုက်) ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၊ ဂျာကိုဘာဘတ်မြို့၏ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ရှိ အပူချိန်ဖြစ်ပါသည်။

အထူးသဖြင့် ဧပြီလလယ်မှ မေလအတွင်း အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အပူချိန်များ အလွန်မြင့်မားခဲ့ရာ အိန္ဒိယနိုင်ငံရှိ မြို့ပေါင်းများစွာ၏ နေ့စဉ်အမြင့်ဆုံးအပူချိန်မှာ ၄၆ ဒီဂရီ ဆဲလ်စီးယပ်စ်အထက်တွင် အများဆုံးရှိခဲ့ပြီး အပူလှိုင်းပေါ်ခဲ့ကြောင်း အိန္ဒိယနိုင်ငံတွင် သေဆုံးသူအနည်းဆုံး (၃၇) ဦး ရှိခဲ့ကာ ပါကစ္စတန်နိုင်ငံတွင်လည်း (၁၀) ဦးရှိခဲ့ကြောင်း သတင်းဖော်ပြချက်များအရ သိရှိရပါသည်။

ဥရောပအနောက်ပိုင်းဒေသများ၊ ယူကေနှင့် အိုင်ယာလန်နိုင်ငံတို့တွင်လည်း နွေရာသီအစောပိုင်းကာလဖြစ်သော မေလ၌ အမြင့်ဆုံးအပူချိန်များဖြစ်ပေါ်ခဲ့ရာ ပြင်သစ်နိုင်ငံတွင် မေလအတွင်း အချို့နေရာများ၌ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ် အထိရောက်ရှိခဲ့ပြီး အပူဒဏ်ကြောင့် သေဆုံးသူ ခုနစ်ဦးအထိ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင်လည်း ယခု ၂၀၂၆ ခုနှစ် နွေရာသီကာလများတွင် အထူးသဖြင့် ဧပြီလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ တောင်တွင်းကြီး၊ ဆင်ဖြူကျွန်း၊ အောင်လံ၊ ပခုက္ကူ၊ ချောက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးနှင့် မြင်းခြံမြို့များတွင် အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးယပ်စ်နှင့်အထက်တွင် ရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးအပူချိန် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်ဖြင့် စံချိန်သစ်တင်ခဲ့သော ချောက်မြို့တွင် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း အပူချိန်မှာ ၄၄ ဒသမ ၉ ဒီဂရီ ဆဲလ်စီးယပ်စ်သို့ ရောက်ရှိနေလျက် ရှိပါသည်။

ထိုသို့ပူပြင်းသော နွေရာသီကာလများအတွင်း အများပြည်သူတို့ အနေဖြင့် အပူချိန်မြင့်မားခြင်းကြောင့် ဖြစ်ပေါ်တတ်သည့် ထိခိုက် ခံစားရမှုများမှ လျော့နည်းသက်သာစေရေးအတွက် အပူရှောင် စခန်းများဖွင့်လှစ်ဆောင်ရွက်ပေးရန် **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ** မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက်၊ မင်းဘူး၊ စက္၊ အောင်လံ၊ မြို့သစ်မြို့များ၌ ၂၀၂၆ ခုနှစ်၊ မတ်လမှစတင်၍ အရိပ်ရအေးမြသောနေရာများ၊ လေဝင်လေထွက်ကောင်းမွန်သောနေရာများ၌ အပူရှောင်စခန်းများ ဖွင့်လှစ်ပြီး လာရောက်ခိုနားသူများကို သောက်ရေသန့်နှင့် အချိုရည်များ တိုက်ကျွေးခြင်း၊ မြန်မာ့ရိုးရာအစားအစာများ ကျွေးမွေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာအသိပညာများဖြန့်ဝေခြင်း၊ လိုအပ်သော ကျန်းမာရေးဆိုင်ရာများ စောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များ၊ လိုက်နာဆောင်ရွက်ရန်များ ထုတ်ပြန်ခြင်း၊ ဆေးရုံ/ဆေးခန်းများ ကျန်းမာရေးဌာနများ၌လည်း အပူဒဏ်ကြောင့် ခံစားရမှုများကို အမြန်ဆုံးကုသစောင့်ရှောက်ပေးနိုင်ရန် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို အသင့်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊ ကုသစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာများအလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ ပထမပတ်အထိ အပူဒဏ်အန္တရာယ်ကြောင့် သေဆုံးသူ (၃)ဦးရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ရာသူ (၇၄) ဦးရှိကြောင်း၊ အပူဒဏ်အန္တရာယ်ဆိုင်ရာ ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လာမည့် ရာသီကာလများတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍လည်း ကဏ္ဍအလိုက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ဌာန/အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များအလိုက် မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက အများပြည်သူသို့ အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

သာယာဝတီမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

သာယာဝတီ ဇွန် ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၌ “ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့”အထိမ်းအမှတ် အခမ်းအနားကို အ.ထ.က(၁) ပညာအားမာန်ခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကား ပြောကြားပြီး ကုလသမဂ္ဂအတွေ့ထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာနှင့် အသိပညာပေး ဗီဒီယို ပြသကာ “သန့်ရှင်းရှိစိမ်းလန်းစိုပြည်သောကျောင်း”ဆုရရှိသည့် ကျောင်းများ၏ ဗီဒီယိုမှတ်တမ်း ပြသခဲ့သည်။

ထို့နောက် ပထမဆုရရှိသည့် အထက(စစ်ကွင်း) မင်းလှမြို့နယ်အပါအဝင် အခြေခံပညာအလယ်တန်း၊ မူလတန်းအဆင့် ဆုရကျောင်းများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

သန့်စေ့ (ပြန်/ဆက်)

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က အထက(နတ်ကြီးချောင်) ကျောင်းဝင်း၌ ပြုလုပ်ရာ ပေါင်မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်လွင်ဦးက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများထံ စိုက်ပျိုးမည့် အပင်များပေးအပ်၍ ကျွန်း၊ ပျဉ်းကတိုး၊ မန်ကျန်ရှား၊ မဟော်ဂနီ၊ စိန်ပန်းကြီး၊ ပန်းပိတောက်၊ ခရေ၊ ကုံကော်၊ ပျဉ်းမ၊ ပင်လယ်ကမွဲစသည့် ပျိုးပင် ၆၈၀ ကို စိုက်ပျိုးကြစဉ်။ မွန်မလေး(ပြန်/ဆက်)

ကျိုက်မရော၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျိုက်မရော ဇွန် ၅

ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ကျိုက်မရောမြို့ အထရံရပ်ကွက် ဗောဓိတစ်ထောင်လမ်းရှိ သစ်တောစိုက်ခင်း၌ ပြုလုပ်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမိုးသန့်ဇင်တို့က သစ်ပင်စိုက်ပျိုးမည့်သူများထံ ပျိုးပင်များပေးအပ်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက

မဟော်ဂနီ၊ သက်နံး၊ အော်ရေးရှား၊ မန်ကျန်ရှား စသည့် ပျိုးပင်လေးမျိုး စုစုပေါင်း အရေပ်ရပျိုးပင် ၇၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ဝယ်ကဝဲကျေးရွာ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တက်ရောက်လာသူများက သက်နံး ပျိုးပင် ၁၀၀ နှင့် မဟော်ဂနီ ပျိုးပင် ၁၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။ မြို့နယ်(ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

ပျော်ဘွယ် ဇွန် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ လမင်း

စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ် ပြုလုပ်ပေးခြင်းကို ယမန်နေ့က ကျိန်းရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဆောင်ရွက်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရမည်းသင်းခရိုင်ဦးစီးမှူး ဦးစိုးမြင့်က ကျောင်းသား ကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ် ရရှိရေး အတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည်ခရိုင်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပြည် ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဥက္ကဋ္ဌနိုကြားရေးမှူး ဦးမျိုးမြင့်ဦးက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသခဲ့သည်။ ထို့နောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင်

ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

ကလေးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ကလေး ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ကျင်းပရာ ကလေးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်က အမှာစကားပြောကြားပြီး ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့်၊ အထက်တန်းအဆင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မအူပင်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

မအူပင် ဇွန် ၅

ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်မိုးမိုးအေးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မအူပင်အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့အား ကြည့်ရှုကာ ၎င်းတို့၏ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ စသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပန်ဆောင်မြို့၌ တစ်နိုင်တစ်ပိုင် ဇီဇဝါ စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

ပန်ဆောင် ဇွန် ၅

စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့၌ သီးနှံမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံစိုက်ပျိုးလျက်ရှိရာ တစ်နိုင်တစ်ပိုင် ဇီဇဝါစိုက်ပျိုးသူများ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

"ဇီဇဝါအပင် ၅၀ ကျော်စိုက်ပျိုးထားတာ လေးနှစ်ခန့်ရှိပါပြီ။ စိုက်ပျိုးရာမှာ လွယ်ကူပြီး ကုန်ကျစရိတ်လည်း သက်သာပါတယ်။ မြို့တွင်းရောင်းချကြတဲ့ ပန်းသည်တွေနဲ့ ဈေးကိုသွားရောက် ရောင်းချတဲ့ ပန်းသည်တွေက ဒြံအထိ လာရောက်ဝယ်ယူကြပါတယ်"ဟု ဇီဇဝါခြံပိုင်ရှင် ဒေါ်ဆန်လေးက ပြောသည်။

ပန်ဆောင်မြို့တွင် ဇီဇဝါပန်းကို နေအိမ်ခြံဝင်းများအတွင်း စိုက်ပျိုးကြကြောင်း၊ နွေ၊ မိုး၊ ဆောင်း သုံးရာသီ ရေတင်စိုက်ပျိုးကြကြောင်း၊ မိုးရာသီ၌ အထွက်နှုန်းကောင်းပြီး ရောင်းအား ပိုမိုကောင်းမွန်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တောင်ငူမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

တောင်ငူ ဇွန် ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထက (၄)ကျောင်း ပင်လုံခန်းမ၌

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားသည်။ ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂ (UN)၊ ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)တို့မှ ပေးပို့လာသော ဗီဒီယိုကလစ်နှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသည့် ဗီဒီယိုကလစ်ကို ပြသသည်။ ယင်နောက် တာဝန်ရှိသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသည့်ကျောင်းများ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများ ပေးအပ်ခဲ့သည်။

ဓော်ကိုကို(တောင်ငူ)

ကော့သောင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကော့သောင်း ဇွန် ၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်ရှိ မဏ္ဍူသကခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ သဝဏ်လွှာဗီဒီယို၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာဗီဒီယိုများ ပြသခဲ့သည်။ ယင်နောက် တာဝန်ရှိသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရရှိသော ကျောင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော နေရာဒေသ (စံပြကျေးရွာ) ဆုရရှိသောကျေးရွာတို့အား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ပန်းတောင်းမြို့နယ်၌ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ယင်လုံအိမ်သာဆောက်လုပ် သုံးစွဲရေးစစ်ဆေး

ပန်းတောင်း ဇွန် ၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်း မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ရပ်ကွက်များတွင် ရောဂါကူးစက်မှုများ ကာကွယ်ရန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ် အသုံးပြုမှု ရှိ/မရှိကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော် ဦးဆောင်၍ ကြိုးကြာကျန်းမာရေး ဝန်ထမ်းများက ဥသျှစ်ပင်ကျေးလက်ကျန်းမာရေးဌာနအပိုင် ကြိုးကြာကျန်းမာရေးဌာနခွဲအောက်ရှိ ကျေးရွာများသို့ ယမန်နေ့က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့ပြင် ယင်လုံအိမ်သာ သုံးစွဲရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အိမ်သာများတွင် ရေနှင့်ဆပ်ပြာ စနစ်တကျထားရှိရေး၊ လက်ဆေးခြင်းအလေ့အထကို ဂရုပြုကြရန်နှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ချုံနွယ်များ ရှင်းလင်းရေးတို့ကို ရှေ့ဆောင်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

သထုံ

သထုံမြို့နယ်တွင် ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ထောင်မျှားကျေးရွာ သုခမ္မဝတီမြို့သစ်ရှိ ရန်ကုန်-ဘားအံ ကားလမ်းနံဘေး၌ ကျင်းပရာ ပျိုးပင်စုစုပေါင်း ၁၀၈၀ ကို ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

မုဒုံ

မွန်ပြည်နယ် မုဒုံမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က မြို့မ(၂)ရပ်ကွက်ရှိ ဘိုးဘွားရိပ်သာဝင်း၌ ပြုလုပ်ရာ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

ရာမညဲ(ပြန်/ဆက်)

ပုလော

ပုလောမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

ငပုတော

ငပုတောမြို့နယ်တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ငပုတောမြို့နယ် ကြက်လည်ဆစ် ဘုရားတောင်ခြေ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အောင်သူ(ပြန်/ဆက်)

ဓနုဖြူ

ဓနုဖြူမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က နန်းတော်ကုန်းကျေးရွာအုပ်စု မီးရထားဘူတာဝင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ကံမမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေး

ကံမ ဇွန် ၅

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အမှတ် (၄) အခြေခံပညာမူလတန်းကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယမန်နေ့က အဆိုပါကျောင်း၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဝင်းထက်နှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ ဓော်ဘီ

မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေး

မအူပင် ဇွန် ၅

မအူပင်မြို့နယ် ညောင်ဝိုင်းကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၃ ရက်က ဓမ္မဒီပဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်ညွှန့်က ဒုစရိုက်မှုခင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရှင်းလင်းဟောပြောပြီး မအူပင်မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုကိစ္စရပ်များနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများအား မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ အောင်မြင့်မြတ်(ပြန်/ဆက်)

တောင်ငူ၌ ပျားမွေးမြူရေးပြည်သူပညာပေး သင်တန်းဖွင့်

တောင်ငူ ဇွန် ၅

တောင်ငူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ယမန်နေ့မွန်းလွဲပိုင်းက ၅ ဖိုင်ကျေးရွာရှိ တောင်ငူမြို့နယ် တာဝန်ခံရုံး၌ ပျားမွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံဦးစီးအရာရှိ ဦးစိုးလင်းက အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး ဇွန် ၃ရက်မှ ၅ရက်အထိ ပျားမွေးမြူရေးဆိုင်ရာအကြောင်းအရာများကို သင်ကြားပြသမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

မြင်းခြံမြို့၌ ယင်လုံအိမ်သာ အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဟောပြော

မြင်းခြံ ဇွန် ၅

မြင်းခြံမြို့၌ ယင်လုံအိမ်သာ အသုံးပြုနိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် ယင်လုံအိမ်သာသုံးပစ္စည်းများ ပေးအပ်ခြင်းကို မေ ၂၉ ရက်က အမှတ် ၂ ရပ်ကွက် ခန်းမ၌ ပြုလုပ်ရာ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဇင်မာသန်းထွန်းက ယင်လုံအိမ်သာ အသုံးပြုနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဒေါ်ယဉ်ယဉ်မြင့်က စည်ပင်သာယာရေး ဥပဒေနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက ယင်လုံအိမ်သာသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ အမှတ် ၂ ရပ်ကွက်နှင့် အမှတ် ၆ ရပ်ကွက်တို့မှ အိမ်ထောင်စုများက လက်ခံရယူခဲ့ကြသည်။ ချစ်ဦးနွေ(မြင်းခြံ)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြုငြင်ပွဲများ ကျင်းပ

မော်လမြိုင် ဇွန် ၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီပြိုင်ပွဲနှင့် ကာတွန်းပြိုင်ပွဲကို ဇွန် ၃ ရက်က အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၆၆ ဦး၊ ပိုစတာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ ခင်စန်းမြင့်(ပြန်/ဆက်)

ကော့သောင်းမြို့နယ် (၁၀) မိုင်ဥယျာဉ်ခြံအတွင်း သီးပင်၊ စားပင်များ ပျိုးထောင်ထားရှိ

ကော့သောင်း ဇွန် ၅

ကော့သောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (၁၀)မိုင် ဥယျာဉ်ခြံအတွင်း ဟင်းသီးဟင်းရွက်များ၊ စင်တင်သီးနှံများနှင့် ဥယျာဉ်ခြံ နှစ်ရှည်သီးနှံများစိုက်ပျိုးထားပြီး ပဲစောင်းလျား၊ ကြက်ဟင်းခါး၊ ပဲတိုင်ထောင်၊ ခဲ၊ သခွား၊ ငရုတ်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ကင်ပွန်းချဉ်၊ ဆူးပုပ်၊ နာနတ်၊ အစေ့လွတ်မာလကာ၊ အုန်းချိုမွေး၊ ပိန္နဲ၊ ဒူးရင်း၊ ကြက်မောက်၊ ကွမ်းသီး၊ ကော်ဖီ၊ ကိုကိုး၊ လိမ္မော်၊ ပိုးစာ၊ ဇော်စိမ်း၊ သစ္စာပန်းပင်များ စိုက်ပျိုးထားရှိပြီး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဥယျာဉ်ခြံအတွင်း ကော်ဖီပင် ၅၀၀၀၀၊ ကြက်မောက်ပင် ၃၀၀၊ မင်းကွတ်ပင် ၁၅၀၊ ဒူးရင်းပင် ၃၀၀၊ သီဟိုဠ်ပင် ၂၀၀၊ အုန်းပင် ၁၀၀၊ ပိန္နဲပင် ၁၅၀၊ ငရုတ်ကောင်းပင် ၅၀၀ ပျိုးထောင်ထားရှိပြီး မိုးရာသီစိုက်ပျိုးချိန်အမီ တောင်သူများအား ပျိုးပင်များ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

သထုံမြို့နယ်၌ အာမခံနစ်နာကြေးငွေ ပေးအပ်

သထုံ ဇွန် ၅

မွန်ပြည်နယ် သထုံမြို့နယ်၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ သူတစ်ပါးထိခိုက်မှု အာမခံနစ်နာကြေးငွေ ပေးအပ်ပွဲကို ဇွန် ၃ ရက်က လိပ်အင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထိခိုက်သေဆုံးခဲ့ရသူ ၁၃ ဦးတို့အတွက် အာမခံနစ်နာကြေးငွေပေးအပ်ကြရာ နစ်နာကြေးငွေရရှိကြသူများကိုယ်စား အကျိုးခံစားခွင့်ရရှိခဲ့သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြော

နေပြည်တော် ဇွန် ၅

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ပညာရတနာခန်းမ၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းထွဋ်နှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့မှူးတို့က သစ်တောဇီဝမျိုးစုံမျိုးကွဲများအကြောင်းနှင့် သစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးအကြောင်းကို အသိပညာပေးဟောပြောသည်။

အခမ်းအနားသို့ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အောင်ကို(ပုဗ္ဗသီရိ)

ဥတ္တရသီရိမြို့နယ်၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး သင်တန်းဖွင့်

နေပြည်တော် ဇွန် ၅

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာနှင့် နည်းပညာပေးသင်တန်းကို ဇွန် ၃ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ရာ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက အမှာကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသား ၂၀ အား တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံသိကောင်းစရာများ၊ ဖြစ်ပွားတတ်သော ရောဂါများ၊ ကာကွယ်ခြင်းနှင့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို ဇွန် ၃ ရက်မှ ၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ အောင်မျိုးဝင်း(ပြန်/ဆက်)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်ဖြိုးမြဖွမ်းအင်နှင့်ရေအား စက်ရုံများဌာန လက်အောက်ရှိ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုရန် စက်ဆီ/ချောဆီဝယ်ယူခြင်းနှင့် စက်အရံပစ္စည်း(၆၅)မျိုး ဝယ်ယူခြင်း တို့အတွက် (မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည် –

စဉ်	တင်ဒါအမှတ်	အမျိုးအမည်
(က)	Tender No.01(T)/EPGE (REHP)/ 2026–2027	ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် စက်ဆီ/ချောဆီများ ဝယ်ယူခြင်း။
(ခ)	Tender No.02(T)/EPGE (REHP)/ 2026–2027	အထက်ပေါင်းလောင်းစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာစက်အရံ ပစ္စည်း(၅)မျိုး ဝယ်ယူခြင်း။
(ဂ)	Tender No.03(T)/EPGE (REHP)/ 2026–2027	ကျိုင်းတောင်စက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၈) မျိုး ဝယ်ယူခြင်း။
(ဃ)	Tender No.04(T)/EPGE (REHP)/ 2026–2027	ဖြူးချောင်းစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၉) မျိုး ဝယ်ယူခြင်း။
(င)	Tender No.05(T)/EPGE (REHP)/ 2026–2027	ဇောင်းတူ၊ ရဲနွယ်၊ ဧရာကျင်း၊ ကွန်းချောင်း စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၂)မျိုး ဝယ်ယူခြင်း။
(စ)	Tender No.06(T)/EPGE (REHP)/ 2026–2027	မုန်းချောင်း၊ ကြီးအုံကြီး၀ စက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၀)မျိုး ဝယ်ယူခြင်း။
(ဆ)	Tender No.07(T)/EPGE (REHP)/ 2026–2027	ကင်းတား၊ သဖန်းဆိပ်၊ မြို့ကြီးစက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၁)မျိုး ဝယ်ယူခြင်း။
(ဇ)	Tender No.08(T)/EPGE (REHP)/ 2026–2027	ရုံးချုပ်၊ ခလေပိုး။ နန့်ချိုစက်ရုံတို့အတွက် စက်မှုပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၁၀)မျိုး ဝယ်ယူခြင်း။

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထားရ၌ **(လုပ်ငန်းထိပ်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါစာတင်ရောင်းချမည့်ရက် – (၈ –၆–၂၀၂၆) ရက်မှ (၂၂ –၆–၂၀၂၆) ရက်အထိ
၄။ တင်ဒါရောင်းချမည့်အချိန် – (၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ
၅။ တင်ဒါပိတ်ရက်နှင့် အချိန် – (၂၃ –၆–၂၀၂၆) ရက်နေ့ (၁၃:၀၀)နာရီ
၆။ တင်ဒါရောင်းချမည့်နေရာ – လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်
၇။ တင်ဒါလက်ခံမည့်နေရာ – လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်
၈။ တင်ဒါပုံစံများအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စစ်ဆေးကော်မတီ (ဖုန်း -၀၆၇-၄၄၈၃၃၀၉၀၄)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်း၃၀ဒေ– ၂၂)
သဃ်ိန်းကျွန်းခရိုင်တရားရုံး
၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၇၅ နှင့် ဆက်နွယ်သည့်
၂၀၂၅ ခုနှစ်၊ တရားမစွဲဆိုမှုအမှတ် – ၁၄၇

ဦးမင်းစိန် နှင့် ၁။ ဦးသန်းဇင်
၂။ ဒေါ်သန်းသန်းနု
(တရားနိုင်) (တရားခံများ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်ခြောင်း၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ် (၂၀)၊ ပထမထပ် ခန်း (၁)တရားရုံး၊ ဦးသန်းဇင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၇၅ တွင် ရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ ဓလည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အဓိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရုံးတော်အခွင့်အဓိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၃) ရက်၊ (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်တွင် ဤရုံးတော်ဝင်ဆိပ်ရုံကိန်းပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကိုကို)
ဒုတိယခရိုင်တရားသူကြီး (၄)
သဃ်ိန်းကျွန်းခရိုင်တရားရုံး

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့ (၅)၊ ဆိပ်ဖြူမြို့ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စုငွေလုံးငွေရေးရန်ရံပုံငွေဖြင့် ဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီးအတွင်း ရွှေတို့ (မင်းကျောင်း) – စဉ့်ကူးလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ရတနာသိန်တံတား (၂၄၈၀ ပေ) ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော ကျပ်သန်း (၂၀၀) အထက်နှင့်အောက် တည်ဆောက်ရေးလုပ်ငန်း သုံးပစ္စည်းများ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း နှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေဖြင့် လုပ်ငန်းနှင့် အရောက် ဝယ်ယူ/ သယ်ယူ/ငှားရမ်း လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်စဉ် – (၁/၂၀၆–၂၀၂၇)

၁။ တင်ဒါပုံစံရောင်းချမည့်နေရာ – ဒု–ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၅)၊ ဆိပ်ဖြူမြို့
၂။ တင်ဒါလျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက် – ၈–၆–၂၀၂၆ ရက် (ရုံးချိန်အတွင်း)
၃။ လျှောက်လွှာပုံစံအရောင်း ရပိတ်မည့် ရက်/အချိန် – ၁၉–၆–၂၀၂၆ ရက်၊ (ညနေ ၄:၃၀) နာရီ
၄။ တင်ဒါဖွင့်မည့်ရက်/အချိန် – ၂၄–၆–၂၀၂၆ ရက်၊ (နံနက် ၉:၃၀) နာရီ
၅။ တင်ဒါတင်သွင်း/စီစစ်/ ရွေးချယ်မည့်နေရာ – ရတနာသိန်တံတား (ရှင်းလင်းဆောင်) စဉ့်ကူးမြို့နယ်၊ သဝိတ်ကျင်းခရိုင်၊ မန္တလေးတိုင်းဒေသကြီး

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို တံတားအထူးအဖွဲ့(၅) ဆိပ်ဖြူမြို့ ဖုန်း- ၀၉–၄၃၃၃၆၅၃၃၊ ၀၉–၄၁၂၂၆၆၃၀ တို့သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စစ်ဆေးရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့ (၅)၊ ဆိပ်ဖြူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သမ်ိဃ်းမန်နှင့်ကျောကမာရွတ်နှစ်ခြိုးရေးဝန်ကြီးဌာန
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးအသန်းလွန်ခရိုင်/ တို့ဧကေးခရိုင်
လုပ်ငန်းသုံးပစ္စည်းများအားအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(၂/၂၀၆-၂၀၂၇)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သန်လွန်ခရိုင်/တို့ဧကေးခရိုင်အတွင်းရှိ ဖြို့နယ်များ တွင် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်ပြည်ထောင်စုနှစ်တိုင်းဒေသကြီးငွေလုံးငွေရေးရံ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား နှင့် Box Culvert လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ ထံမှ မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်ဈေးကမ်းများကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ၊ သန်လွင်ခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က)	တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်	(၈.၆.၂၀၂၆) (တနင်္လာနေ့)
(ခ)	တင်ဒါနေ့ရက်ချုံး တင်သွင်းရမည့်ရက်	(၂၂.၆.၂၀၂၆) (တနင်္လာနေ့) ၁၂:၃၀ နာရီအထိ
(ဂ)	တင်ဒါစိစစ်ရွေးချယ် ဖွင့်ဟောက်မည့်ရက်နှင့်အချိန်	(၂၃.၆.၂၀၂၆) (အင်္ဂါနေ့) နံနက် (၁၀:၀၀) နာရီ
(ဃ)	တင်ဒါတင်သွင်း ရမည့်နေရာ	လက်ထောက်ညွှန်ကြားရေးမှူး(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လွင်ခရိုင်ဝန်ကျင်းမြို့နယ်

၃။ အသေးစိတ်အချက်အလက်များနှင့်တင်ဒါလျှောက်လွှာများအား လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၊ သန်လွင်ခရိုင် ၊ အမှတ်-၁၁၃၆/ဘဝ်တောကက်လမ်း၊ ဘုရားကုန်းအဆင့်-၁၊ဘုရားကုန်းကျေးရွာအစိစီးတော၊ သန်လွင်မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း ၀၉-၇၉၈၃၆၀၉၃ ၊ ၀၉-၄၄၉၅၃၇၆၆၃ တို့ကိုဆက်သွယ်၍လည်းကောင်း အကြောင်းစုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

ပတ်စ်ပို့ပျောက်

ပဲခူးမြို့၊ ဆို့ရှယ်လစ်(၄)လမ်း နေ့(၁၁)ဦးကျော်ကျော်၏ သား၊ မောင်ဘုန်းဆွေ (၇/ပခန(နိုင်) ၂၅၅၇၀၃) ၏ နိုင်ငံကူးလက်မှတ်၊ အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **မောင်ဘုန်းဆွေ**
ဖုန်း-၀၉-၅၃၀၁၃၇၂

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အထက (၈ကျွန်း) Grade-6 တွင် ပညာသင်ကြားနေသော မောင်ဝဏ္ဏ ကျော် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၉/တသန(နိုင်) ၁၂၉၄၄၀ ဖြစ်ပါကြောင်း။

အမည်မှန်

ဦးမျိုးဇော်ဦး၁၄/ဒဒရ (နိုင်) ၁၄၄၅၈၂၅ ၏သား ဧရာဝတီတိုင်း ဒေသကြီး၊ ဒေး ဒဲရဲ့မြို့ နယ် အ.ထ.က (ရှမ်းကန်) grade 7 မှ မောင်ကုန်ထွေးဖုန်းခေါ်၏ အမည် မှန်မှာ မောင်ကုန်ထွေဘုန်းခေါ်ဖြစ်ပါကြောင်း။**မောင်ကုန်ထွေဘုန်းခေါ်**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်းခြံမြို့၊ အလက-ခွဲ(၄) Grade -5 မှ မရွှန်းလွဲရဒီ၊ မထက်ထက် ဝင်း နှင့် မောင်မင်းဟိန်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးခွဲ ၅/ဝလန (နိုင်) ၂၀၄၇၇၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မင်္ဂလေးမြို့၊ လမ်းပြကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မဝိတောက်ခိုင် ၏ဖခင် ဦးမင်းလွင်၏ အမည်မှန်မှာ ဦးမင်းလွင်စိုး ၈/မဘန(နိုင်) ၀၇၇၈၅၄ ဖြစ်ပါကြောင်း။

ဦးမင်းလွင်စိုး

ပတ်စ်ပို့ပျောက်

ပျော်ကုန်းခရိုင်၊ ကျွန်းတော်ဦးဇွန်း ၉/ခအခ(နိုင်) ၀၀၆၉၅၀ ပိုင်ဆိုင်သော ရေယာဉ်အုပ်လက်မှတ် ဆပ–၄၃၉/၁၆ နှင့် သဘော်သားလုပ်သက် မှတ်တမ်းစာအုပ် (မနုံး-၁၅၅/၂၀၀၄) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၈၁၁၃၈

ဖခင်အမည်မှန်

ကျွန်တော် ဦးခေါ်မျိုးဦး ၉/ခအခ(နိုင်) ၀၀၆၉၅၀ ပိုင်ဆိုင်သော ရေယာဉ်အုပ် လက်မှတ် ဆပ–၄၃၉/၁၆ နှင့် သဘော်သားလုပ်သက် မှတ်တမ်းစာအုပ် (မနုံး-၁၅၅/၂၀၀၄) ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၉၈၈၁၁၃၈

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ မြေတူးကျေးရွာသစ်၀ဲ ထ(ခွဲ)မြေတူးမှ မနှင်းလွဲဦး (G–12) နှင့် မောင်ထက်မြတ်ခေါ်(G–5)တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းစေခိုဦး ဖြစ်ပါကြောင်း။

ဦးမင်းစေခိုဦး

အသိပေးကြေညာခြင်း

၁။ မူဆယ်ရိုင်း၊ မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ် (၂၀–က)၊ မြေဧရိယာ(၀.၀၉၂) ကေရှိ မြေနေရာသည် ခေါ်ကြည်ကြည်အေး အမည်ဖြင့် မြေငှားဂရန် အမှတ်ပွဲအမှတ် (၂၀၄/မဆ/၂၀၁၅)ဖြင့် (၂၄–၅–၂၀၁၅) ရက်နေ့မှ (၂၃–၅–၂၀၃၅) ရက်နေ့အထိ နှစ်(၃၀) မြေငှားဂရန်ရရှိသူ ခေါ်ကြည်ကြည်အေးမှ မူဆယ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၃–၁၂–၂၀၁၉) ရက်စွဲပါ စာချုပ်အမှတ် (၃၄၅/ဘဝ)ဖြင့် ဦးလွမြင့် အား အထူးကိုယ်စားလှယ်ပေးအပ်ထားရှိသဖြင့် ဦးလွမြင့်ထံမှ မူဆယ်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ (၁၀–ဂ–၂၀၂၅) ရက်စွဲပါ စာချုပ်အမှတ် (၁၃၅/၂၀၂၅)ဖြင့် ခေါ်ရန်ဆင်းကိုက် (၁၃/ကခန(နိုင်)၀၁၂၇၇၅) မှ စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမှုးတုံရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ ဦးပိုင်အမှတ် (၂၀–က)၊ မြေဧရိယာ(၀.၀၉၂) ကေရှိ မြေနေရာအား ခေါ်ရန်ဆင်းကိုက် (၁၃/ကခန(နိုင်)၀၁၂၇၇၅) မှ အမည်ပြောင်းမြေငှားဂရန်ရ လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်ခိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန မူဆယ်မြို့
၀၈၂-၂၉၅၀၆၉

အသိပေးကြေညာခြင်း

၁။ မူဆယ်ရိုင်း၊ မူဆယ်မြို့နယ်၊ တောင်ရွာဂရုဝိဂုက်၊ အကွက်အမှတ်(၁–က)၊ ဦးပိုင်အမှတ်(၇၃/၁)၊ မြေဧရိယာ(၀.၀၄၈) ကေရှိ မြေနေရာသည် ဦးသိန်းဝင်း အမည်ဖြင့် မြေငှားဂရန်အမှတ်ပွဲအမှတ်(၂၀၄/မဆ/၂၀၂၁)ဖြင့် (၈–၉–၂၀၂၀) ရက်နေ့မှ (၇–၉–၂၀၃၀) ရက်နေ့အထိ (၁၀)နှစ် မြေငှားဂရန်ရ ထုတ်ပေးထားရှိပြီး မြေငှားဂရန်ရရှိသူ ဦးသိန်းဝင်း သည် (၁၀–၆–၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ ၎င်းဇနီးဖြစ်သူ ခေါ်ဝင်းကြည် သည် (၃–၉–၂၀၀၆) ရက်နေ့တွင်လည်းကောင်း၊ သား/သမီး(၂)ဦး အနက် မသိတာဝင်း သည် (၂–၆–၂၀၁၀) ရက်နေ့တွင်လည်းကောင်း၊ အသီးသီး ကွယ်လွန်သွားပြီဖြစ်၍ ကျန်ရှိသည့် ဦးမောင်မောင် မှ (၁၀–၆–၂၀၂၅)ရက်နေ့တွင် မူဆယ်ခရိုင်တရားရုံး၏ ကျွန်းကျိန်ဂွယ်အမှတ်(၂၀၃/၂၀၂၅)ဖြင့် ကျွမ်းကျိန်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးမှ (၁၆–၆–၂၀၂၅) ရက်နေ့တွင် အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးထားရှိသဖြင့် ဦးမောင်မောင် (၉/ပကခ(နိုင်)၀၀၈၅၂၀) အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ တော်ရွာဂရုဝိဂုက်၊ အကွက်အမှတ်(၁–က)၊ ဦးပိုင်အမှတ် (၇၃/၁)၊ မြေဧရိယာ(၀.၀၄၈) ကေရှိ မြေနေရာအား ဦးမောင်မောင် (၉/ပကခ(နိုင်)၀၀၈၅၂၀) မှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်ခိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန မူဆယ်မြို့
၀၈၂-၂၉၅၀၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မဟာဗန္ဓုလလမ်း၊ မြေကွက် အမှတ်(၁၉၅)ဟု ခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀)ပေရှိ နှစ်(၆၀)မြောင်းဂရန်ရ မြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာဥက္ကဋ္ဌမှ ဒေါ်မြတ်ခင်ခင်ဦး (၁၂/တမန (နိုင်)၁၀၅၀၅၅) ထံမှ ဂျွန်ပိတ်ချီမိတ်ဆွေဖြစ်သူ ခေါ်အေးမြတ်နိုင် (၁၂/လဖတ(နိုင်)၀၂၇၀၄၇) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စာရွက်စာတမ်းများကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းဘုရဇော် (LL.B) ဒေါ်ယမင်းထွေး (LL.B) ဦးရဲသီဟ (LL.B)
အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၆၅) အထက်တန်းရှေ့နေ (စဉ်–၅၆၃၆၆)
အမှတ် (၁၀၁)၊ ကံကော်မြိုင် (၂) လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၇၇၂၇၇၇၁၂၂၊ ၀၉-၄၅၆၆၉၆၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂-က်တဲ့ ၊ မြေကွက်အမှတ်-၂၆/ခ-၁၀၊ ဧရိယာ- ၀. ၀၆၄ ဧက ရှိ နှစ် (၆၀) မြောင်းဂရန်ရ မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်းလမ်း အမှတ်- ၁၁-B ဟူ၍တွင်သည့် (၂) ထပ် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာဒေသကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဦးစီးဌာန၌ အပေါ်ပေါက်၍ တစ်ဦးတည်းသာ ဝယ်ယူခဲ့ပြီးဖြစ်သော ဒေါ်မြတ်ခင်ခင်ဦး (၁၂/မတတ (နိုင်) ၀၁၅၆၇၂) ထံမှ ဂျွန်ပိတ်ချီမိတ်ဆွေဖြစ်သူ ခေါ်အေးမြတ်နိုင် (၁၂/လဖတ(နိုင်)၀၂၇၀၄၇) မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စာရွက်စာတမ်းများကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့် တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
ဒေါ်စင်ချောသူ (LL.B., LL.M., M.Res.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မဇေတီလမ်းနှင့် မဟာဘောဝလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၃၁၅

အများသိစေရန်ကြေညာချက်

လိုင်သာယာ(အများကိုင်းပြို့နယ်၊ အနော်ရထာစက်မှုနယ်၊ ခုင်းတွင်းလမ်း အမှတ်(Q-5,ဝ-1)တွင် (၂)ထပ် Steel(အထည်ချုပ်ဧက်ရုံ) အသောက်အဦ (၂)လုံး ဆောက်လုပ်ခွင့်ပြုပါရန် ပြည်ငိုင်ဆိုင်မှုအရပြင့် မြို့ပြနှင့်ဆိုမ်ရတ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်စက်မှုလက်မှုလုပ်ငန်းအတွက် ရမြေအသုံးပြုခွင့်လက်မှတ်အမည်ပေါက် စောဆရောင်(ခ)ခေါ်နင်းရီ (၁၄/ပသန(နည်)၀၀၀၁၄၀)မှ တင်ပြလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ပုဒ်တွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမှစ်မြေအမှုံးအစား အသောက်အဆာပေါ် စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့် လက်မှတ်မှာ သက်တမ်းကုန်လွန်နေသဖြင့် အသောက်အဦဆောက်လုပ်ခွင့် တင်ပြ လာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျ

အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၂၉၁/ခ)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၂၀၊၄၆၀)၊ စတုရန်းပေ(၁၂၀၀)အကျယ်မြေကွက်နှင့်တကွ အုတ်စီနှစ်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးကျော်ဘိုဘို (၁၂/သဃက(နိုင်)၁၅၅၂၂) က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူပန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်မတေါ်နေးနွေးလေး(ဂ/ပခန(နိုင်)၁၈၇၆၀၀)က ဝယ်ယူရန် မြေကွက်နှင့်တကွ အုတ်စီနှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အိုးငွေတစ်စိတ်တစ်ဒေသကစ်ခြေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတစ်သိန်းကျပ်သည်ကို ယင်းရောင်းသူ ဦးကျော်ဘိုဘို (၁၂/သဃက(နိုင်)၁၅၅၂၂) ထံသို့ (၁၄)ရက်အတွင်း ရုံးချိန် အတွင်း၌ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ရုံးလုပ်ရန်ကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နေးနွေးလင်း
ဖုန်း-၀၉-၅၁၀၇၂၉၈၊ ၀၉-၄၈၂၊၇၇၇

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဓမ္မာလိင်္ဂမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၄၃၀) ဧရိယာ(၀.၀၈၂) ကေရှိ ဦးဆန်းငဲဦး (၁၁)ဦးချန်ကူ ၉/မကန(နိုင်)၁၈၃၄၂၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးအေးထွေး(၁၁) ဦးမုံမိန် ၁၃/ဆဆန(နိုင်)၀၉၅၃၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးနွှင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓါတ်လုပ်ရုံးနည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဓမ္မာလိင်္ဂမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၁၃၃၀၊ ဧရိယာ(၀.၀၈၂)ကေရှိ ဦးဆန်းငဲဦး (၁၁)ဦးချန်ကူ ၉/မကန(နိုင်)၁၈၃၄၂၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးအေးထွေး(၁၁) ဦးမုံမိန် ၁၃/ဆဆန(နိုင်)၀၉၅၃၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓါတ်လုပ်ရုံးနည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဓမ္မာသိရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၁၃၃၀၊ ဧရိယာ(၀.၀၈၂)ကေရှိ ဦးဆန်းငဲဦး (၁၁)ဦးချန်ကူ ၉/မကန(နိုင်)၁၈၃၄၂၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးအေးထွေး(၁၁) ဦးမုံမိန် ၁၃/ဆဆန(နိုင်)၀၉၅၃၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓါတ်လုပ်ရုံးနည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဇွန်ဝိုရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ (၀.၁၆၀) ကေရှိ မြေကွက်အမှတ်(၀.၁၈၃၃)ကို အမည်ပေါက် ဒေါ်မေသီလင်း(၁၁)ဦးတင်ထွန်း ၁၂/မရက(နိုင်)၀၄၂၅၁၁၀မ ဦးတင်ထွန်းအေး (၁၁)ဦးအေးသောင်း ၁၄/ပသန(နိုင်)၀၁၀၃၃၉၆၄၄ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓါတ်လုပ်ရုံးနည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ဥသောမြို့သစ်၊ ရုပ်ကွက်ကြီး(၇)၊ မြေတိုင်းရပ်ကွက် (၁၅)၊ ဦးပိုင်မြေကွက်အမှတ်(၁၁၃)၊ ဧရိယာ(၀.၀၅၅)ကေရှိ အိမ်ရာမြေကွက်သည် ပဲခူးမြို့၊ ဥသောမြို့သစ်၊ မြို့ကွက်မြေနေရာချထားရေး ကော်မတီမှ ဦးဖိုးထောင် (၁) ဦးသန်းမောင် အမည်ဖြင့် ရာထူးပေးခဲ့သော မြေကွက်ဖြစ်ပြီး၊ ဦးဖိုးထောင်ထံမှ အဆင့်ဆင့်သော ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ မြေကို လက်ရှိလက်ဝယ် ထားပိုင်ဆိုင်လျက်ရှိကြောင်း ထိုတ်ဖော်ခန့်ခဲ့သူ ဦးတင်ဝင်းမှ ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်တို့အိတ်ဆွေဖြစ်သူ ဒေါ်ရီရီ(၁၁)ဦးပုံ(ခ)ဦးလင်ဝေ့ ယာမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်တို့ ဒေါ်အေးအေးမိုးရပ်ကွက်၊ ၁၂/ဒဂတ(နိုင်)၁၁၇၆၅၇ အိမ်အကြီးအကဲ ဦးကျော်ဘိုဘို (၁၂/သဃက(နိုင်)၁၅၅၂၂) ထံသို့ (၃၀-၁-၂၀၂၆) ရက်တွင် လွဲပြောင်းရောင်းချခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်မိတ်ဆွေ ဒေါ်သေဝဏ္ဍီး (၅)/မကန(နိုင်)၀၆၄၇၉၂၊က ဒေါ်ဆွေမာဝင်း ထံမှ (၃၁-၅-၂၀၂၅)ရက်တွင် ဒုတိုင်းသဘောတူ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ထပ်မံလွဲပြောင်း ဝယ်ယူပိုင်ဆိုင်ထား ပျက်ရိုးပါသည်။ အထက်ပါ အိမ်နှင့်ပိုင်းခြံမြေကွက်၏ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါရှိသည့် ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက ကျွန်ုပ်ဝိမတ်ဆွေမှ အဆိုပါအိမ်ခြံ မြေကွက်၏ပိုင်ရေး ဆိုင်ခွင့်ရှိသူအနေဖြင့် လိုအပ်သလို ပြောင်းလဲစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-	လွှဲအပ်ညွှန်ကြားသူ
ဦးတင်ထွန်း(LL.B)	ဒေါ်သေဝဏ္ဍီး
တရားလွှတ်တော်ရှေ့နေ	၅/မကန(နိုင်)၀၆၄၇၉၂
(စဉ်-၁၉၃၉၃)၊ (၂၇-၁၁-၂၀၂၄)	
အမှတ်(၂၃၉)၊ ဂန္ဓမာလမ်း၊ ရန်ကောင်ရွာ	
ပုဇွသိရိမြို့၊ ဖုန်း-၀၉-၅၆၆၆၁၁၀၆	

အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၂၉၁/ခ)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၂၀၊၄၆၀)၊ စတုရန်းပေ(၁၂၀၀)အကျယ်မြေကွက်နှင့်တကွ အုတ်စီနှစ်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးကျော်ဘိုဘို (၁၂/သဃက(နိုင်)၁၅၅၂၂) က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူပန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်မတေါ်နေးနွေးလေး(ဂ/ပခန(နိုင်)၁၈၇၆၀၀)က ဝယ်ယူရန် မြေကွက်နှင့်တကွ အုတ်စီနှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အိုးငွေတစ်စိတ်တစ်ဒေသကစ်ခြေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတစ်သိန်းကျပ်သည်ကို ယင်းရောင်းသူ ဦးကျော်ဘိုဘို (၁၂/သဃက(နိုင်)၁၅၅၂၂) ထံသို့ (၁၄)ရက်အတွင်း ရုံးချိန် အတွင်း၌ ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ရုံးလုပ်ရန်ကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နေးနွေးလင်း
ဖုန်း-၀၉-၅၁၀၇၂၉၈၊ ၀၉-၄၈၂၊၇၇၇

အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဓမ္မာလိင်္ဂမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၁၃၃၀၊ ဧရိယာ(၀.၀၈၂)ကေရှိ ဦးဆန်းငဲဦး (၁၁)ဦးချန်ကူ ၉/မကန(နိုင်)၁၈၃၄၂၆ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အေးအေးထွေး(၁၁) ဦးမုံမိန် ၁၃/ဆဆန(နိုင်)၀၉၅၃၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာနဓါတ်လုပ်ရုံးနည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးနွှင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

